ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (21-2-2006) (၄၈၇၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ ဂွမ်ကျိုးမြို့နှင့် ရှင်းကျန့်မြို့တို့၌ လှည့်လည်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု၊ ဇနီးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ရှီးပြည်နယ် ရှီအန်မြို့မှ ဂွမ်ဒုန်း ပြည်နယ် ဂွမ်ကျိုးမြို့သို့ China Eastern လေကြောင်းလိုင်း အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ကြိုဆို

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂွမ်ကျိုးမြို့ ပိုင်းယွင်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်၊ ဂွမ်ကျိုးမြို့ ဒုတိယမြို့တော်ဝန် မစ္စတာချန်မင်းဒါနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ကလေးငယ်နှစ်ဦးက ဂုဏ်ပြုပန်းစည်း ပေးအပ်ကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့၊ ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး၊ ဂွမ်ကျိုးမြို့ ဒုတိယမြို့တော်ဝန်နှင့် အဖွဲ့ဝင်များသည် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တ တည်းခိုမည့် China Hotel သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြသည်။

သိပ္ပံမြို့တော်လေ့လာ

မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ဂွမ်ကျိုးသိပ္ပံမြို့တော်ကို မော်တော်ယာဉ် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ရှင်းကျန့်မြို့ Shenzhen High Tech Industry Park ၌ ကြည့်ရှုလေ့လာကြစဉ်။ (အပေါ်ပုံနှင့် ဝဲပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံ၌လည်း စက်မှုဇုန်များ ထူထောင်လျက်ရှိရာ ရှင်းကျန့်မြို့မှ မိတ်ဆွေအတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြရန် ဖိတ်ခေါ်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၁–၂–၂၀၀၆
(အင်္ဂါနေ့)

အိမ်နီးချင်းနိုင်ငံများအကြားတည်ငြိမ်အေးချမ်းရေးအလေးထား နှစ်နိုင်ငံ အချုပ်အခြာအာဏာ အစဉ်တန်ဖိုးထား လေးစား

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဒေသတွင်း နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ရင်းနှီးချစ်ကြည်စွာ ဆက်ဆံလျက်ရှိသည်။ အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် အိမ်နီးချင်းနိုင်ငံ ခေါင်းဆောင်များအကြား ချစ်ကြည်ရင်းနှီးမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရေးအတွက် အပြန်အလှန်လည်ပတ်မှုများ ဖြစ်ထွန်းလျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဖေဖော်ဝါရီလ ၁၅ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်အား ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ ဧည့်ခန်းမသို့သွားရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာဟူကျင်တောင်က **တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ချစ်ခင်ရင်းနှီးစွာ ဆက်ဆံရေးသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒပင်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းများ တည်ငြိမ်အေးချမ်းရေး၊ ချမ်းသာကြီးပွားရေးအတွက် အမြဲမပြတ် အလေးထားလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ လုံခြုံရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲလေးစားပါကြောင်း** ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း **အဆွေတော်သမ္မတကြီး၏ ခေါင်းဆောင်မှုအောက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေပြီး ပြည်သူတစ်ရပ်လုံးသည်လည်း စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရသဖြင့် မိတ်ဆွေမြန်မာနိုင်ငံအနေဖြင့် များစွာနှစ်ထောင်းအားရ ဖြစ်ရပါကြောင်း** ပြောကြားသည်။

မြန်မာနှင့်တရုတ် နှစ်နိုင်ငံတို့သည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး နှစ်နိုင်ငံအစိုးရနှင့် ပြည်သူတို့သည် ရှေးနှစ်ပေါင်းများစွာကပင် ကူးလူးဆက်သွယ်၍ ချစ်ကြည်ရင်းနှီးစွာ နေထိုင်လာခဲ့ကြသည်။ နှစ်နိုင်ငံခေါင်းဆောင်ကြီးများ အဆက်ဆက် အမြော်အမြင်ကြီးမားစွာ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်လာခဲ့ကြသည့် တရုတ်–မြန်မာ ချစ်ကြည်ရင်းနှီးမှုသည် ပိုမိုရှင်သန်ခိုင်မြဲလျက်ရှိသည်။

နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်နှင့်အညီ နေထိုင်ဆက်ဆံလာခဲ့ကြသည့်အလျောက် နိုင်ငံတကာအခြေအနေနှင့် မိမိတို့၏ ပြည်တွင်းရေးအခြေအနေများ မည်သို့ပင်ပြောင်းလဲလာခဲ့စေကာမူ တရုတ်–မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှာ တည်မြဲရှင်သန်လျက်ပင်ရှိသည်။

ယခုနှစ်ပိုင်းများအတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီးများ လည်ပတ်ခဲ့ကြပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်နိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ တစ်နိုင်ငံတည်းမူဝါဒကို အစဉ်တစိုက် ထောက်ခံခဲ့ပြီး ထိုင်ဝမ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခွဲခြားမရသော အစိတ်အပိုင်းတစ်ခုအဖြစ် အမြဲတမ်းခံယူထားသည်။ အလားတူ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း မြန်မာပြည်သူတို့၏ ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးနိုင်မှုနှင့် ပြည်ပအင်အားစုများက စီးပွားရေးပိတ်ဆို့ပြီး ဝင်ရောက်စွက်ဖက်မှုကို ဆန့်ကျင်ကြောင်း သဘောထားများကို ပွင့်ပွင့်လင်းလင်း ဖော်ထုတ်ခဲ့ကြသည်။

မြန်မာ–တရုတ် နှစ်နိုင်ငံတို့သည် အိမ်နီးချင်းကောင်းနိုင်ငံများအဖြစ် ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ ရွှေလမ်းငွေလမ်း ဖောက်ခဲ့ကြသည်။ "ဆွေမျိုးများ အပြန်အလှန် အသွားအလာများလေ သံယောဇဉ်နက်ရှိုင်းမှု တိုးပွားလေ"ဟူသည့် စကားပုံအတိုင်း နှစ်နိုင်ငံအကြား ဆက်သွယ်သွားလာမှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် မေတ္တာသံယောဇဉ်များလည်း ပိုမိုနက်ရှိုင်း တိုးပွားလာလျက်ရှိပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေး ခရီးစဉ်သည် မြန်မာ–တရုတ် ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေပြီး အိမ်နီးချင်းနိုင်ငံများအကြား တည်ငြိမ်အေးချမ်းရေးကို အလေးထားကြသည်နှင့်အညီ နှစ်နိုင်ငံအချုပ်အခြာ အာဏာကို ထာဝစဉ်လေးစားတန်ဖိုးထားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယောဆရာတော် YMBA တရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) နှစ် ၁၀၀ ပြည့်ပွဲတော်၊ အကြိုတရားပွဲအဖြစ် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အရှင်သိရိန္ဒာဘိဝံသ (ယောဆရာတော်)က မတ် ၄ ရက် (စနေနေ့) ညနေ ၆ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ YMBAအသင်းတိုက်အပေါ်ထပ် အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်သို့ တရားတော်နာ ကြွရောက်ပါရန် ဓမ္မမိတ်ဆွေများအား ဖိတ်ကြားထားသည်။ (၂၃)

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် အမှတ်(၈)ရပ်ကွက် ပြည်လမ်း မာလာမြိုင်ရိပ်သာနေ ဦးထွန်းအောင်နှင့် မိသားစုငါးဦးတို့က ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကကျောင်းတော် တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အဆောက်အအုံအတွက် ဦးထွန်းအောင်၏ (၇၉)နှစ်မြောက် မွေးနေ့အလှူတော်ငွေကျပ် တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ ရန်ကုန်ဌာနအုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဖေဖော်ဝါရီ ၁၉ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အထက(၃)တွင် မြို့နယ် ဘက်စုံထူးချွန်ဆု ချီးမြှင့်ပွဲကျင်းပရာ ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်အမြင့်ဆုံးဆု ရရှိသော အထက(၃) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်အား မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်စဉ်။ (ပညာရေး)

မြန်မာနိုင်ငံ၌ ခြစည်းရိုးကြက်ဆူပင်မှ ဇီဝဒီဇယ်ဆီ အောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ဘက်စုံ၊ ကဏ္ဍစုံ အသုံးဝင်သည့် ခြံစည်းရိုးကြက်ဆူပင်

သဘာဝသည် လူတို့၏လိုအပ်ချက်ကို ဖန်တီးပေးနိုင်သဖြင့် သဘာဝအရင်းအမြစ်များကို ရှာဖွေဖော်ထုတ်၍ အသုံးချလျက်ရှိရာ ယခုအခါ ခြံစည်းရိုးကြက်ဆူပင်ကို လောင်စာအစားထိုး ဇီဝဒီဇယ်ဆီအဖြစ်သာမက စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေး၊ လူမှုရေး၊ သယ်ယူပို့ဆောင်ရေး၊ စီးပွားရေး စသည့်ကဏ္ဍများတွင်ပါ အသုံးချနေပြီဖြစ်သည်။

ဘက်စုံအသုံးဝင်

စိုက်ပျိုးရေးကဏ္ဍတွင် သဘာဝမြေဩဇာအဖြစ် လည်းကောင်း၊ ကျန်းမာရေးကဏ္ဍတွင် ဆေးဝါးကုသရေးအတွက် လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍတွင် မြေဆီလွှာ



ကျေးလက်ပြည်သူများ ထမင်းဟင်းချက်ပြုတ်ရာတွင် အသုံးဝင်မည့် ကြက်ဆူဆီမီးဖိုကို တွေ့ရစဉ်။

ထိန်းသိမ်းရေးနှင့် လေကာပင်၊ ခြံကာပင်အဖြစ် လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် ကြက်ဆူပင်စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားစေခြင်းဖြင့်လည်းကောင်း၊ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ခြံစည်းရိုးကြက်ဆူဆီကို အသုံးပြု၍ မော်တော်ယာဉ်များ၊ ထော်လာဂျီများနှင့် စက်တပ်ရေယာဉ်များ မောင်းနှင်ခြင်းဖြင့်လည်းကောင်း၊ လူမှုရေးကဏ္ဍတွင် အိမ်သုံးလျှပ်စစ်မီးထွန်းခြင်းနှင့် ထမင်းဟင်းချက်ပြုတ်ခြင်းများတွင်လည်းကောင်း ဘက်စုံအသုံးဝင်လာပြီဖြစ်သည်။

ဆေးဖက်ဝင်အပင်

ခြံစည်းရိုးကြက်ဆူပင်သည် ဆေးဖက်ဝင်အပင်ဖြစ်၍ အဆီကို ဝမ်းနုတ်ဆေးအဖြစ်လည်းကောင်း၊ အရေပြားလိမ်းဆေးအဖြစ်လည်းကောင်း၊ ကြွက်သားနာကျင်ကိုက်ခဲမှုပျောက်ဆေးအဖြစ် လည်းကောင်း၊ အပင်၏ရိုးတံအနုကို သွားတိုက်တံအဖြစ်လည်းကောင်း၊ သွားနာ၊ သွားကိုက်ပျောက်ဆေးအဖြစ်လည်းကောင်း၊ အရွက်နှင့် အမြစ်တို့မှ ထုတ်ယူသော အရည်ကိုဝမ်းလျှော ဝမ်းပျက်ရောဂါကုသရာတွင်လည်းကောင်း၊ မြွေဆိပ်ဖြေဆေး၊ သီးနှံပိုးမွှားကာကွယ်ဆေးအဖြစ် လည်းကောင်းအသုံးဝင်သည့်အပင်ဖြစ်သည်။

ဆွေးနွေးပွဲတက်ရန် ဂျပန်နိုင်ငံသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင် ဦးဆောင်သည့် အဖွဲ့ဝင် လေးဦးပါအဖွဲ့သည် ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဖေဖော်ဝါရီ ၂၀ရက်မှ ၂၄ရက်အထိ ကျင်းပမည့် Forum SME Development in Mekong Regionသို့ တက်ရောက်ရန် ဖေဖော်ဝါရီ ၁၈ရက်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

(၂၀–၂–၂၀၀၆)

ပင်လောင်း

၅ ဒီဂရီစင်တီဂရိတ်

လားရှိုး၊ ဟဲဟိုးနှင့် ဟားခါး

၆ ဒီဂရီစင်တီဂရိတ်

လက်ဆောင် ပစ္စည်း ပေးအပ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် ဝန်ကြီးဌာနအသီးသီးမှ ပညာတော်သင်များ ကိုယ်စား ကိုယ်စားလှယ် နှစ်ဦးသို့ လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပေကျင်းမြို့ မြန်မာသံရုံး၌ သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများနှင့် ပညာတော်သင်များအား တွေ့ဆုံမှာကြား

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၅ရက် ညနေ ၆နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံးသို့ ရောက်ရှိကြရာ သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုကြသည်။

လက်ဆောင်ပစ္စည်းများပေးအပ်

ထို့နောက် ဝန်ကြီးချုပ်သည် သံရုံးဝန်ထမ်းများ၊ မိသားစုများကိုယ်စား သံအမတ်ကြီး ဦးသိန်းလွင်သို့ လည်းကောင်း၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများ ကိုယ်စား စစ်သံမှူး ဗိုလ်မှူးကြီးစိန်ဂျော့သို့ လည်းကောင်း၊ ပေကျင်းမြို့၌ ပညာသင်ကြားလျက်ရှိသည့် ဝန်ကြီးဌာန အသီးသီးမှ ပညာတော်သင်များကိုယ်စား ကိုယ်စားလှယ်နှစ်ဦးသို့လည်းကောင်း လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သံရုံး၊ စစ်သံရုံး ဝန်ထမ်းများ၊ မိသားစုများ၊ ပညာတော်သင်များအား တွေ့ဆုံမှာကြားရာတွင် သမိုင်းအစဉ်အဆက် ရင်းနှီးချစ်ကြည်ခဲ့သည့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မြဲစေရန်နှင့်ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရန် မိမိခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

အတုယူဖွယ်

လမ်းကြောင်းမှန်ပေါ် ရောက်ရှိနေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ချက်များသည် အတုယူဖွယ်ရာများပင် ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌လည်း အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် မိမိတို့ တည်ဆောက်နေကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စီမံ လမ်းညွှန်မှုကောင်းခြင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းကျွမ်းကျင်မှုရှိလာခြင်းတို့ကြောင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုပြယုဂ်များကို ယနေ့ကာလတွင် မြင်တွေ့နေကြရပြီ ဖြစ်ကြောင်း၊ ပြည်သူများကလည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်နေမှုများကို လက်တွေ့ ခံစားနေကြရပြီဖြစ်ကြောင်း။

ခေတ်မီ နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ပညာရည်မြင့်မားသည့် လူမျိုးဖြစ်မှ နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က အားပေးပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပညာတော်သင်ရောက်ရှိနေကြသူများ အနေဖြင့်လည်း မိမိတို့၏ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်တတ်မြောက်အောင် လေ့လာ ဆည်းပူးသွားကြရမည်ဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်များအနေဖြင့် နိုင်ငံတော်သစ်ကို ဆက်လက် တည်ဆောက်သွားကြရမှာဖြစ်ကြောင်း။

သံရုံး၊ စစ်သံရုံးဝန်ထမ်းများ၊ မိသားစုများအနေဖြင့်လည်း နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဂုဏ်ပြုညစာတည်ခင်း

ထို့နောက် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ် အဖွဲ့ဝင်များအား သံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်အပြီးတွင် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာသို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခြံစည်းရိုးကြက်ဆူပင်မျိုးစေ့ချစိုက်ပျိုးပွဲနှင့် မျိုးကိုင်းများ စိုက်ပျိုးပွဲကို ဖေဖော်ဝါရီ၁၉ရက်က ရပ်ကွက်ပျိုးခင်းနေရာ၌ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင်၊ ရပ်ကွက် ဥက္ကဋ္ဌ ဦးဆန်းမြင့်အောင်၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ ကြက်ဆူပင်မျိုးစေ့ ၅၀၀၀ နှင့် ပျိုးကိုင်း ၃၅၀ ကျော်ကို စုပေါင်းစိုက်ပျိုးကြစဉ်။ (၅၀၆)

၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ မြန်မာ့အသံ (ရေဒီယိုအစီအစဉ်)မှ ထုတ်လွှင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲအထောက်အကူပြု သင်ခန်းစာများကို တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ လေ့လာနိုင်ရန်အတွက် မြန်မာ့အသံ (ရေဒီယိုအစီအစဉ်)မှ ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၁၀ရက်အထိ နေ့စဉ် ညနေ ၄ နာရီ ၁၀ မိနစ်မှ စတင်၍ လှိုင်းလတ် ၅၂၀ မီတာနှင့် လှိုင်းတို ၅၀ ဒသမ ၁၃ မီတာတို့မှ အသံလွှင့်ပေးမည်ဖြစ်သည်။

၂၀၀၆ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ရေဒီယိုမှ ထုတ်လွှင့်မည့် အစီအစဉ်ဇယား

စဉ်	ဘာသာ	အသံလွှင့်ရက်	ထပ်ကျော့လွှင့်ရက်
၁။	စိတ်ကြိုက်မြန်မာစာ	၂၁-၂-၂၀၀၆	၂-၃-၂၀၀၆
၂။	ဘောဂဗေဒ	၂၂-၂-၂၀၀၆	၃-၃-၂၀၀၆
၃။	ပထဝီဝင်	၂၃-၂-၂၀၀၆	၄-၃-၂၀၀၆
၄။	ဇီဝဗေဒ/သမိုင်း	၂၄-၂-၂၀၀၆	၅-၃-၂၀၀၆
၅။	ရူပဗေဒ	၂၅-၂-၂၀၀၆	၆-၃-၂၀၀၆
၆။	ဓာတုဗေဒ	၂၆-၂-၂၀၀၆	၇-၃-၂၀၀၆
၇။	သင်္ချာ	၂၇-၂-၂၀၀၆	၈-၃-၂၀၀၆
၈။	အင်္ဂလိပ်	၂၈-၂-၂၀၀၆	၉-၃-၂၀၀၆
၉။	မြန်မာစာ	၁-၃-၂၀၀၆	၁၀-၃-၂၀၀၆

(သတင်းစဉ်)

မိုးလေဝသနှင့်ဆက်သွယ်ရေး ဂြိုဟ်တုလွှတ်တင်

တိုကျို ဖေဖော်ဝါရီ ၂၀

ဂျပန်နိုင်ငံက ဂြိုဟ်တုတင်ဆောင်ထားသည့် ဒုံးပျံတစ်စင်းကို စနေနေ့က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ယခုအကြိမ်သည် တစ်လမပြည့်မီ အတွင်းဒုတိယမြောက်လွှတ်တင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ဒုံးပျံက ၄၃သမ၇တန်ရှိ ဂြိုဟ်တုတစ်လုံးကိုနိုင်ငံအနောက်တောင်ပိုင်း တာနီဂါရှီးမား အာကာသစခန်းမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်ဟု ဂျပန်လေကြောင်း အာကာသ စူးစမ်းရေးအေဂျင်စီ (ဂျေအေအိပ်ဇ်ကေ)က ပြောကြားသည်။ ယင်းဒုံးပျံကဂြိုဟ်တုကို အာကာသ လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ လွှတ်တင်ပေးခဲ့သည်ဟု ဂျေအေအိပ်ဇ်ကေ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အဆိုပါ ဂြိုဟ်တုက မိုးလေဝသ အချက်အလက်များ စုဆောင်းကာ လေကြောင်းဆိုင်ရာသွားလာမှု အခြေအနေများကို ထိန်းချုပ်ပေးမည်ဟု ဆိုသည်။

မိမိတို့နိုင်ငံ၏အာကာသအစီအစဉ်သည် မှန်မှန်တိုးတက်မှုရှိနေသည်ဟု ဂျပန်ဝန်ကြီးချုပ် ကိုအိဇုမိက ကျိုဒိုသတင်းဌာနသို့ပြောကြားသည်။

ဂြိုဟ်တုလွှတ်တင်ရေး အစီအစဉ် တစ်နှစ်နီးပါးအောင်မြင်မှုမရှိဘဲ ဖြစ်ခဲ့ရပြီးနောက် ဂျပန်နိုင်ငံ အာကာသအစီအစဉ်အရ အကြီးဆုံးဖြစ်သည့် ဒုံးပျံကို လွှတ်တင်နိုင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ရိုက်တာ။



အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်ရှိ မီးလောင်မှုဖြစ်ပွားခဲ့သော သင်္ဘောကျင်းတစ်ခုကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း တာနီဂါရှီးမား ကျွန်းပေါ်ရှိ အာကာသစခန်းမှ မိုးလေဝသနှင့် ဆက်သွယ်ရေးဂြိုဟ်တုကို ဖေဖော်ဝါရီ ၁၈ရက်က လွှတ်တင်လိုက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိဒ်စ်တိုက်ဖျက်ရေး ဆေးဝါးသစ်စမ်းသပ်

ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၁၉

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ(အိဒ်စ်)တိုက်ဖျက်ရေး ဆေးဝါးသစ်တစ်မျိုးကို တီထွင်ဖော်ထုတ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြသော သိပ္ပံပညာရှင်များသည် အမ်ကေ-၀၅၁၈ ဟူ၍ အမည်ပေးထားသော ဆေးဝါးကို ဘရာဇီးနိုင်ငံတွင် မကြာမီက စမ်းသပ်မှုပြုလုပ်ခဲ့ကြောင်း၊ သိပ္ပံပညာရှင်များသည် မျောက်များတွင် ဖြစ်ပွားသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (အက်စ်အိုင်ဗွီ) ဗိုင်းရပ်၏ မျိုးဗီဇအမျိုးပေါင်း ၃၀ ကိုလည်း ရှာဖွေတွေ့ရှိထားပြီဖြစ်ကြောင်း၊ ချင်ပန်ဇီမျောက်သတ္တဝါများအတွင်း အက်စ်အိုင်ဗွီဗိုင်းရပ်သစ် ကူးစက်မှုများ ကျယ်ကျယ်ပြန့်ပြန့် တိုးပွားလာကြောင်း သုတေသီတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဘရာဇီးနိုင်ငံတွင် အမ်ကေ-၀၅၁၈ ဆေးဝါးကို စမ်းသပ်ကြည့်ရာ၌ အိဒ်စ်ရောဂါဖြစ်စေသည့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ကူးစက်ခံထားရသူများအနက် ၈၀ ရာခိုင်နှုန်းတွင် အိပ်ချ်အိုင်ဗွီပိုး ပမာဏကျဆင်းသွားအောင် ယင်းဆေးဝါးက ပြုလုပ်ပေးနိုင်သည်ကို တွေ့ရှိရသည်။ အခြားလေ့လာမှုတစ်ရပ်မှာ အိပ်ချ်အိုင်ဗွီတိုက်ဖျက်ရေး ဆေးဝါးနှစ်မျိုးကို ပေါင်းစပ်သုံးစွဲခြင်းဖြင့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ပိုး ကူးစက်ခံရခြင်းမှ လူများကို ကာကွယ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိနိုင်ရန် ဖြစ်သည်။

အိပ်ချ်အိုင်ဗွီပိုးရှိသူများကို ကုသရာ ၌ သုံးစွဲနေပြီဖြစ်သော tenofovir ဆေးဝါးကို FTC ဟူ၍ အမည်ပေးထားသော ဆေးဝါးသစ်နှင့် ပေါင်းစပ်သုံးစွဲစေခြင်းဖြင့် အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်ကူးစက်မှုကို တားဆီးကာကွယ် ပေးဖွယ်ရှိသည်ဟု ဆိုသည်။

အိပ်ချ်အိုင်ဗွီ ဗိုင်းရပ်သည် မျောက်များတွင် ဖြစ်ပွားသည့် အက်စ်အိုင်ဗွီ ဗိုင်းရပ်မှတစ်ဆင့် တရွေ့ရွေ့ပြောင်းလဲမှု ဖြစ်စဉ်အရ ပေါ်ပေါက်လာသည်ဆိုသော အယူအဆနှင့် ပတ်သက်၍ အထောက်အထားသစ်များကို မကြာမီက တွေ့ရှိခဲ့ကြသည်။

အင်တာနက်။

ဥဇဘက်ကစ္စတန်၌ ရဟတ်ယာဉ်ပျက်ကျ

တာ့ရှ်ကင့် ဖေဖော်ဝါရီ ၁၉

ဥဇဘက်ကစ္စတန်နိုင်ငံ၌ စနေနေ့က အရပ်ဘက်သုံး ရဟတ်ယာဉ်တစ်စင်းပျက်ကျရာ ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါလာသူငါးဦးစလုံး သေဆုံးသွားကြောင်း ရဟတ်ယာဉ်ကို စင်းလုံးငှားသည့် သတ္တုတူးဖော်ရေး ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားလိုက်သည်။

ရုရှားနိုင်ငံလုပ် အမ်အိုင်-၂ ရဟတ်ယာဉ်သည် မြို့တော်တာ့ရှ်ကင့်၏ အနောက်ဘက် မိုင် ၃၁၀ ခန့် အကွာရှိ ဇီရာဖရှန်မြို့အနီး၌ ဒေသစံတော်ချိန် နံနက် ၉ နာရီ ၁၀ မိနစ်(ဂရင်းနစ်စံတော်ချိန် ၀၄၁၀ နာရီ) တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း နာဗိုသတ္တုတူးဖော်ရေးကုမ္ပဏီမှ တာဝန်ရှိသူက ပြောကြားသည်။

သေဆုံးသူများမှာ ရဟတ်ယာဉ် ဝန်ထမ်းနှစ်ဦးနှင့် သတ္တုတူးဖော်ရေး ကုမ္ပဏီမှ အလုပ်သမားသုံးဦးတို့ ဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ။**

အီရန်၌ အင်အားပြင်းငလျင်လှုပ်

တီဟီရန် ဖေဖော်ဝါရီ ၁၉

အီရန်နိုင်ငံ အရှေ့တောင်ပိုင်းရှိ ကာမန်ပြည်နယ်တွင် စနေနေ့မွန်းလွဲပိုင်းက ရစ်ချ်တာစကေး ၅ ဒသမ ၃ရှိ အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်ခဲ့ရာ အပျက်အစီးမရှိကြောင်း အိုင်အာရ်အင်အေသတင်းဌာနက ပြောကြားသည်။

တီဟီရန်တက္ကသိုလ်၏ ဘူမိရူပပညာဆိုင်ရာ ငလျင်တိုင်းတာရေးဌာန၏ ပြောဆိုချက်အရအိုင်အာရ်အင်အေသတင်းဌာနက ဖော်ပြခဲ့သည်။ ထိုငလျင်သည် မြို့တော်တီဟီရန်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၇၅၀ အကွာရှိ ရာဖ်ဆန်ဂျန်မြို့တွင် ဒေသစံတော်ချိန်မွန်းလွဲ ၂ နာရီ ၂၂ မိနစ်က လှုပ်သွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ငလျင်ဒဏ်ကြောင့် အပျက်အစီး သတင်းမရရှိကြောင်း သိရသည်။ ကာမန်ခရိုင်တွင် လွန်ခဲ့သည့် နှစ်နှစ်ကလည်း ကြီးမားသော မြေငလျင် နှစ်ကြိမ်လှုပ်ခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၂၂၇၃ ဦးရှိကြောင်း စစ်တမ်း၌ ဖော်ပြ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၀

အီရတ်နိုင်ငံတွင် ၂၀၀၃ခုနှစ် မတ်လ၌ စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း ယင်းနိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်အထိ ၂၂၇၃ဦး ရှိကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတစ်ရပ်၌ ဖော်ပြသည်။

အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၁၇၈၁ဦးမှာ ခုခံတိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်ကြောင်း၊ သေဆုံးသူများတွင် အမေရိကန်စစ်ဘက်၌ အမှုထမ်းဆောင်နေသော အရပ်သားငါးဦးလည်း ပါဝင်ကြောင်း အဆိုပါစစ်တမ်းတွင် ဖော်ပြသည်။

အင်တာနက်။

စပိန်နိုင်ငံ အနောက်မြောက်ပိုင်း ကျေးရွာတစ်ရွာတွင် ကချေသည်တစ်ဦးအား လှပဆန်းကြယ်သော ခေါင်းဆောင်းနှင့်အတူ ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အမေရိကန်နိုင်ငံ နယူးအော်လန်ဒေသတွင် ကက်ထရီနာမုန်တိုင်းဒဏ်ကြောင့် ဖြစ်ပွားခဲ့သော အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စပိန်နိုင်ငံတွင် မိုးခေါင်မှုဒဏ် ဆက်လက်ခံစားနေရ

မဒရစ် ဖေဖော်ဝါရီ ၁၉

စပိန်နိုင်ငံမှ မိုးလေဝသပညာရှင်များက စပိန်တွင် မိုးခေါင်မှုဖြစ်ပွားနေသည်မှာ နှစ်နှစ်ရှိပြီဖြစ်ပြီး ရေတိုကာလအတွင်း မိုးခေါင်မှုအခြေအနေသည် လျော့ပါးမည့် အရိပ်လက္ခဏာ မတွေ့သေးကြောင်း စသည်ဖြင့် ဟောကိန်းထုတ်ထားသည်။ အစိုးရကအရေးပေါ်အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စပိန်နိုင်ငံသည် ယခုနှစ်စပိုင်းမှစတင်၍ မိုးခေါင်မှုဒုက္ခဖြင့် အကြီးအကျယ်ကြုံတွေ့နေရပြီး မိုးခေါင်မှုအခြေအနေသည် နှစ်သစ်၏ ပထမသုံးလပတ်အထိ ဆက်လက်ရှိနိုင်သည်ဟု အမျိုးသားမိုးလေဝသဌာန (အိုင်အင်အမ်)က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ယူကရိန်းသို့ ကြက်ငှက်တုပ်ကွေး ကာကွယ်ဆေး တရုတ်ပေးအပ်

ပေကျင်း ဖေဖော်ဝါရီ ၁၉

တရုတ်နိုင်ငံသည် အိပ်ချ်-၅ အင်-၂ နှင့် အိပ်ချ်-၅ အင်-၁ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးများကို ယူကရိန်းနိုင်ငံသို့ ကြာသပတေးနေ့တွင် ပေးအပ်လိုက်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်၌ သောကြာနေ့က ဖော်ပြသည်။

တရုတ်နိုင်ငံဆိုင်ရာ ယူကရိန်းနိုင်ငံ သံအမတ်ကြီး ဆာဂျီအလက်ဆီဗစ်ကာမီရက်ဗ်က ကာကွယ်ဆေးများကို လက်ခံရယူသည်။ ဝန်ကြီးဌာန၏တုံ့ပြန်မှုနှင့် ပါဝင်ကူညီမှုတို့ကို နှစ်ထောင်းအားရကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

ချီးကျူး

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံ၏ အောင်မြင်မှုနှင့် ကြက်ငှက်ရောဂါ တိုက်ဖျက်ရေးအတွက် တရုတ်နိုင်ငံက ကမ္ဘာတစ်ဝန်းသို့ ပေးပို့ကူညီ ထောက်ပံ့မှုများကို ၎င်းက ချီးကျူးပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်တာနက်နှင့် ဂြိုဟ်တုရုပ်မြင်သံကြားတို့တွင် ဆေးလိပ်ကြော်ငြာမှုကို ပိတ်ပင်ရန် ဆောင်ရွက်မည်

ဂျီနီဗာ ဖေဖော်ဝါရီ ၁၉

ကမ္ဘာ့ဆေးလိပ်ထိန်းချုပ်ရေးစာချုပ်၏ အခွင့်အာဏာရပ်များကို ပိုမိုတိုးချဲ့နိုင်ရေးအတွက် လေ့လာသွားကြရန် နိုင်ငံပေါင်း ၁၀၀ကျော်မှ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများက သဘောတူညီလိုက်ကြကြောင်း၊ အင်တာနက်နှင့် ဂြိုဟ်တုရုပ်မြင်သံကြားတို့မှတစ်ဆင့် ဆေးလိပ်ကြော်ငြာခြင်းကို တိုက်ဖျက်ရန် ဦးတည်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)က သောကြာနေ့တွင်ပြောကြားသည်။

ပိတ်ပင်

လွန်ခဲ့သည့်တစ်နှစ်က ဥပဒေအဖြစ် အာဏာသက်ဝင်လာခဲ့သော ဆေးလိပ်ထိန်းချုပ်ရေးဆိုင်ရာ မူဘောင် ကွန်ဗင်းရှင်းတွင် ဆေးလိပ်ထုတ်ကုန်များနှင့် ပတ်သက်၍ ကြော်ငြာခြင်း၊ ဈေးကွက်ထိုးဖောက်ခြင်းနှင့် ကြော်ငြာအလို့ငှာ အထောက်အပံ့ပေးခြင်း စသည်တို့ကို တားမြစ်ပိတ်ပင်ထားသည်။

ယင်းကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးထားသော နိုင်ငံများ၏ ပထမအကြိမ်ညီလာခံကို ကျင်းပခဲ့ရာ သောကြာနေ့တွင် ပြီးဆုံးခဲ့သည်။

ဆေးလိပ်တိုက်ဖျက်ရေး ဆိုင်ရာ သဘောတူညီချက် တစ်ရပ်ဖြစ်သည့် ၂၀၀၃ခုနှစ် မေလ သဘောတူညီချက်၌ နိုင်ငံဖြတ်ကျော် ကြော်ငြာခြင်းကို ပိတ်ပင်ထားခြင်းမရှိကြောင်း၊ ပုံစံအမျိုးမျိုးဖြင့် ဆေးလိပ်ကြော်ငြာများ ပေါ်ပေါက်နေမှုကို ပိတ်ပင်ရန် လိုအပ်ကြောင်း ဒဗလျူအိပ်ချ်အိုက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရုရှားဝန်ကြီးချုပ် မီခေးလ်ဖရက်ကော့နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးနေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဟန်နွိုင်းမြို့သို့ ရုရှားဝန်ကြီးချုပ်ရောက်ရှိ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မည်

ဟန်နွိုင်း ဖေဖော်ဝါရီ ၁၉

ဗီယက်နမ်နိုင်ငံမြို့တော် ဟန်နွိုင်းသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ရုရှားဝန်ကြီးချုပ် မီခေးလ်ဖရက်ကော့သည် ဝန်ကြီးချုပ်ဖန်ဗန်ခိုင်နှင့် ကြာသပတေးနေ့က တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးမြှင့်တင်ရန် ကိစ္စအပါအဝင် အကြောင်းအရာအများအပြားနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

မြှင့်တင်

မိမိ၏နိုင်ငံသည် ရုရှားနိုင်ငံနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားမည် ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်က ပြောကြားသည်။

ရုရှားဝန်ကြီးချုပ် ဖရက်ကော့သည် ဗီယက်နမ်နိုင်ငံသို့ ကြာသပတေးနေ့ နံနက်တွင် ရောက်ရှိလာသည်။

သဘောတူညီချက်

ဗီယက်နမ်နှင့် ရုရှားနိုင်ငံတို့သည် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ နည်းပညာထုတ်ကုန် ပစ္စည်းများ၏ မူပိုင်ခွင့် ထိန်းသိမ်းရေး၊ ရုရှားနိုင်ငံရှိ ဗီယက်နမ်လူမျိုးများ၏ အကျိုးကို ကာကွယ်စောင့်ရှောက်ပေးရေး စသည်တို့နှင့်ပတ်သက်၍ သဘောတူညီချက်များကို လက်မှတ် ရေးထိုးကြမည်ဖြစ်သည်။

ဗီယက်နမ်နှင့် ရုရှားနိုင်ငံတို့၏ အပြန်အလှန် ကုန်သွယ်မှုသည် ၂၀၀၅ ခုနှစ် တွင် ၂၄ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ၁ ဘီလီယံဖိုး ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဂျပန်နိုင်ငံ တိုကျိုမြို့ သိပ္ပံပြတိုက်တွင် ပြသထားသော စက်ရုပ် အာဆီမိုက ပြတိုက်လာပရိသတ်များအား လက်ဝှေ့ယမ်းနှုတ်ဆက်နေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကြေးမုံ The World

နိုင်ငံတကာ သတင်းများ

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တွင် နေရောင်ခြည်စွမ်းအင်သုံးစွဲမှု မြှင့်တင်နိုင်ရန်အတွက် သုတေသနလုပ်ငန်းများ လုပ်ဆောင်နေသည်ကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*



ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးကိစ္စ အမေရိကန်ဖိအားပေးမှု ဖွံ့ဖြိုးဆဲနိုင်ငံများအုပ်စုက လက်မခံ

ကုလသမဂ္ဂ ဖေဖော်ဝါရီ ၁၉

ကုလသမဂ္ဂတာဝန်ရှိသူများအတွင်း ငွေကြေးအလွဲသုံးမှုနှင့် အာဏာအလွဲသုံးမှုပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂ၏ စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲရေးပြုလုပ်ရန် ကုလသမဂ္ဂဆိုင်ရာ အမေရိကန် သံအမတ်ကြီး ဂျွန်ဘော်လ်တန်က ဖိအားပေးနေခြင်းနှင့်ပတ်သက်၍ ဖွံ့ဖြိုးဆဲနိုင်ငံများအုပ်စုအဖွဲ့ဝင်နိုင်ငံများက သောကြာနေ့တွင် ဝေဖန်ပြောကြားလိုက်ကြသည်။

အမေရိကန်နိုင်ငံသည် ကုလသမဂ္ဂ စီမံခန့်ခွဲရေးစနစ် ပြုပြင်ပြောင်းလဲနိုင်ရန် ၎င်းတစ်နိုင်ငံတည်း သဘောဖြင့် ဖိအားပေး ဆောင်ရွက်နေကြောင်း၊ ဇောက်အားဖြင့်မှု ကုလသမဂ္ဂ၏ စီမံခန့်ခွဲရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များသည် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးနှင့် သက်ဆိုင်ကြောင်း ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သော ၇၇ နိုင်ငံအုပ်စု၏ လက်ရှိဥက္ကဋ္ဌ တောင်အာဖရိက သံအမတ်ကြီး ဒူမစ်ဆရီကူမာလိုက ပြောကြားသည်။

အမေရိကန် အောက်လွှတ်တော်ရှိ အမတ်နှစ်ဦးသည် ကုလသမဂ္ဂစီမံခန့်ခွဲရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးပြုလုပ်ရန်ကိစ္စကို ကူမာလိုထံ စာရေးသား၍ အကြောင်းကြားခဲ့သည်။ အဆိုပါစာကို ကုလသမဂ္ဂတွင် သောကြာနေ့ကဖြန့်ဝေခဲ့သည်။ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရန်ကိစ္စကို အမေရိကန် ကွန်ဂရက်လွှတ်တော်တစ်ခုတည်းက ဖိအားပေး ပြောဆိုရန်မလိုအပ်ကြောင်း၊ ယင်းကိစ္စသည် ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၁ နိုင်ငံစလုံးနှင့် သက်ဆိုင်ကြောင်း ကူမာလိုက ပြောကြားသည်။

ကုလသမဂ္ဂတာဝန်ရှိသူများအတွင်း ငွေကြေးအလွဲသုံးမှုပြုလုပ်သည့် ဖြစ်ရပ်များနှင့် ပတ်သက်၍ ကုလသမဂ္ဂဌာနတွင်း စာရင်းစစ်များက ရှာဖွေတွေ့ရှိခဲ့ပြီး စာရင်းစစ်ဆေးချက် အစီရင်ခံစာကို ကုလသမဂ္ဂ အထွေထွေညီလာခံသို့ တင်ပြခြင်းမရှိမီ မီဒီယာသတင်းဌာနများသို့ ပေါက်ကြားခဲ့မှုအတွက် ကူမာလိုက အတွင်းရေးမှူးချုပ် ကိုဖီအာနန်အား ပြစ်တင်ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဓားကိုင်ထားသူအမျိုးသမီးကြီးကို သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီး

နယူးယောက် ဖေဖော်ဝါရီ ၁၉

အိမ်နီးချင်းနှစ်ဦး အငြင်းပွားမှုကို ဖြေရှင်းပေးရန် ရဲတပ်ဖွဲ့ဝင်များက ကြိုးပမ်းရာမှ အမေရိကန်နိုင်ငံ နယူးယောက်မြို့သူ အသက် (၆၅) နှစ်အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦးမှာ သေနတ်ဖြင့် ပစ်သတ်ခံလိုက်ရကြောင်း အာဏာပိုင်များက သောကြာနေ့တွင် ပြောကြားသည်။

သေနတ်ဖြင့် ပစ်သတ်ခံရသူမှာ စတက်ဖနီလင်ဘိုးဆိုသူ အမျိုးသမီးဖြစ်သည်။ နယူးယောက်မြို့ စတာတင်အိုင်းလင်အရပ်တွင် နေထိုင်သော ယင်းအမျိုးသမီးသည် သူမမွေးမြူထားသော ကြောင်တစ်ကောင်ကို အိမ်နီးချင်းတစ်ဦးက ဓားဖြင့်ထိုးသဖြင့် မကျေမနပ်ဖြစ်ကာ အိမ်နီးချင်းဖြစ်သူအား ဓားဖြင့် ထိုးရန် ကြိုးပမ်းရာမှ ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက အသွားခုနစ်လက်မရှိဓားကို ကိုင်ဆောင်ထားသော အဆိုပါအမျိုးသမီးအား လက်နက်ချရန် အတန်တန်ပြောသော်လည်း လိုက်နာမှုမရှိ၍ သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးရာမှ သေဆုံးခြင်းဖြစ်ကြောင်း နယူးယောက်ရဲဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

သီရိလင်္ကာနိုင်ငံ ပင်လယ်ကမ်းခြေဒေသတွင် ဆူနာမီ လှိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော အပျက်အစီးများအား ရှင်းလင်းဖယ်ရှားနေသည်ကို ဖေဖော်ဝါရီ ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မွန်ပြည်နယ်၏အလှကို အိပ်မက်တံတားပေါ်မှခံစားခြင်း

စိန်လှိုင်ဗိုလ်

သံလွင်တံတား(မော်လမြိုင်)

မုတ္တမနှင့် မော်လမြိုင်ဆက်သွယ်သော သံလွင်တံတား(မော်လမြိုင်)ကို အိပ်မက်တံတားကြီးဟု တင်စားခေါ်ကြသည်။ သံလွင်မြစ်၊ အတ္တရံမြစ်နှင့် ဂျိုင်းမြစ်တို့ ဖိုခုံလောက်ဆုံရာ ရေစီးအလွန်သန်သော နေရာတွင် တံတားဆောက်ရန် မဖြစ်နိုင်ဟု ဆိုကြပြောကြသော်လည်း လက်တွေ့ဖြစ်ရပ်တွင် ၁၁၅၇၅ပေ ရှည်လျားသည့် မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံး မြစ်ကူးတံတားကြီးတစ်စင်း ပေါ်ထွန်းခဲ့သည်။ ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၅ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကိုယ်တိုင် ကြွရောက်ချီးမြှင့် ဖွင့်လှစ်ပေးခဲ့သဖြင့် ယခု ဖေဖော်ဝါရီလ ၅ရက်နေ့က တစ်နှစ်တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။ မုတ္တမနှင့် မော်လမြိုင်သည် ရေအိုးနှင့်ရေမှုတ်ပမာ မဝေးမကွာရှိခဲ့သည်။ သံလွင်တံတား (မော်လမြိုင်) ဖွင့်လှစ်ပြီးနောက် စာရေးသူအချို့က အတိတ်ကာလကိုယ်တွေ့ဖြစ်ရပ်များကို ထင်ဟပ်၍ ပီတိအဟုန်ဖြင့် ရေးသားခဲ့ကြသည်များကိုလည်း ဖတ်ရှုခဲ့ရသည်။ စာရေးသူသည်လည်း အိပ်မက်တံတားကြီးပေါ် ကိုယ်တိုင်ဖြတ်သန်းပြီး ယခင်အတိတ်ကာလက အတွေ့အကြုံများကို ရေးသားလိုက်ရပါသည်။

စာရေးသူတို့၏ မော်တော်ယာဉ်သည် သံလွင်တံတား (မော်လမြိုင်)၏ ချဉ်းကပ်လမ်းပေါ် စတင်ချဉ်းနင်းမိချိန်မှာပင် မြစ်ပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေး၏အငွေ့အသက်ကို စတင်ခံစားလိုက်ရသည်။ မြန်မာနိုင်ငံ၏ အရှည်ဆုံးတံတားကြီးပေါ်၌ လေညင်းကို တဝကြီး ရှူရှိုက်လိုက်ရသည်။ လေကြီးလျှင် လှိုင်းထန်သော မြစ်ပြင်ကျယ်ကို အပေါ်စီးမှ ငုံ့ကာငုံ့ကာကြည့်ရင်း အတိတ်ကို ပြန်လည်သတိရလာမိသည်။ ရေစီးသန်လှိုင်းထန်သော မြစ်ပြင်အလယ်ရှိ ခေါင်းဆေးကျွန်းကို တံတားကြီးပေါ်မှ ရှောင်ကွင်းဖြတ်ကျော်ချိန်မှာပင် အတိတ်ကာလက ပဲ့ထောင်ရေယာဉ်ပေါ်မှ လက်အုပ်ချီမိုးရှိခိုးခဲ့ရဖူးသော ခေါင်းဆေးကျွန်းစေတီကို တံတားပေါ်မှ ဦးချမိပါသည်။

တံတားကြီး မတည်ဆောက်မီ မိုးတွင်းကာလ နေ့တစ်နေ့ဖြစ်ပါသည်။ စာရေးသူသည် မွန်ပြည်နယ်တရားရုံးတွင် အယူခံမှုတစ်ခုကို အပြီးသတ် လျှောက်လဲတင်ပြရန် ချိန်းဆိုထားသောနေ့ဖြစ်သည်။ မွန်ပြည်နယ်တရားရုံးသို့ ယခင်က မရောက်ဖူးပါ။ မော်လမြိုင်မြို့ မည်သည့်ရပ်ကွက် မည်သည့်လမ်းတွင် ရှိမှန်းလည်းမသိပါ။ မေးစမ်းသွားမည်ဟူသော စိတ်ကူးဖြင့် ရန်ကုန်-မုတ္တမ ညကားဖြင့်ခရီးနှင်ခဲ့သည်။ စစ်တောင်းတံတားထိပ်တွင် ရှေးယခင်ကကဲ့သို့ ညအိပ်စောင့်ဆိုင်းရခြင်း မရှိတော့သဖြင့် မုတ္တမသို့ နံနက် ၆နာရီ၊ ၇နာရီထက်နောက်မကျဘဲ ရောက်ရှိကြောင်း စုံစမ်းသိရှိထားပြီးဖြစ်၏။

မုတ္တမဆိပ်ကမ်းကို ခြေချမိသောအခါ ဇက်၊ သင်္ဘောကို မမီတော့ပါ။ ရုံးချိန်လည်း နီးနေသဖြင့် စိတ်မောခဲ့ရပါသည်။ မုတ္တမရေဆိပ်ဆိပ်ခံတံတားတွင် အစီအရီရပ်ထားသော ပဲ့ထောင်ရေယာဉ်ပေါ်သို့ ခရီးသည်တချို့ တက်ရောက်နေကြသည်ကို တွေ့မြင်သော်လည်း မြစ်ရေပြင်ကို ပဲ့ထောင်ရေယာဉ်ဖြင့် ဖြတ်မကူးရဲသေးသဖြင့် နာရီကြည့်ရင်း သက်ပြင်းချရင်း၊ ရုံးချိန်မမီမှာ စိုးရိမ်ခြင်းတို့ဖြင့် ပဲ့ထောင်ရေယာဉ်တစ်စင်းပေါ်သို့ တက်လှမ်းခဲ့၏။ ပဲ့ထောင်ရေယာဉ်သည် မြစ်သုံးဆိုင်အလယ်သို့ရောက်ရှိချိန်မှာပင် လေတိုက်လာရာ မူလကငြိမ်နေသောရေပြင်သည် လှိုင်းထန်လာခဲ့ပါ၏။ ပဲ့ထောင်ရေယာဉ်သည် လှိုင်းကိုထိုးဖောက်၍ မောင်းနှင်ရာ ပဲ့ထောင်ယာဉ်ပေါ်ရှိ ခရီးသည်အားလုံးအပေါ် ရေမှုန်ရေမွှားတို့ မိုးရွာချသကဲ့သို့ကျရောက်ရာ အားလုံးစိုရွှဲကုန်၏။ လှိုင်းမှာလည်း ပို၍ပို၍မြင့်မောက်လာခဲ့ရာ ပဲ့ထောင်ရေယာဉ်မှာ မြောက်၍ မြင့်တက်သွားလိုက် ပြန်ကျလိုက် ရှိနေသည်။

ထို့နောက် အခက်အခဲခရီးလမ်းကိုကျော်လွန်ပြီး မော်လမြိုင်ဘက်ကမ်း ဈေးကြီးအနောက်ဘက် ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။ စိုရွှဲနေသောအဝတ်အစားများကို လဲလှယ်ပြီး တရားရုံးသို့ အချိန်မီသွားရောက်ခဲ့ရပုံများကို ပြန်လည်သတိရနေဆဲမှာပင် စာရေးသူစီးနင်းလာသော မော်တော်ယာဉ်သည် မော်လမြိုင်ဘက်ကမ်းသို့ ရောက်ရှိခဲ့သည်။

မော်လမြိုင်တွင် နံနက်စာစားပြီး ကျိုက္ခမီတွင် ညအိပ်ရန်အစီအစဉ်ရှိသည့်အတိုင်း ခရီးဆက်ကြသည်။ မှတ်မှတ်ရရ ရေးစရာကပေါ်လာပြန်သည်။ **မော်လမြိုင်-မုဒုံ-သံဖြူဇရပ်-ကျိုက္ခမီလမ်းသည် ယခင်က မော်တော်ကားနှစ်စီး ရှောင်တိမ်း၍မရခဲ့ပါ။ တစ်စီးကရပ်ပေး၍ဖြစ်စေ၊ လမ်းဘေးချပေး၍ဖြစ်စေ ရှောင်တိမ်းမောင်းကြရ၍ ခရီးမတွင်ခဲ့ပါ။ ကားလမ်းကူး တံတားအများစုကလည်း ကျဉ်းသည်။ နယ်မြေအခြေအနေကလည်း သွားသတိလာသတိ အမြဲရှိကြရသည်။ ယခုမူ အိပ်မက်တံတားကြီးနှင့်အတူ ရန်ကုန်-ထားဝယ် မော်တော်ကားလမ်းမကြီး၏ စီမံကိန်းကြောင့် လမ်းကျယ်၊ တံတားကျယ်များကို ဖြတ်သန်း၍ ခရီးပေါက်လျက်ရှိသည်။**

မုဒုံ-သံဖြူဇရပ်လမ်းပိုင်းသည် မြို့တမျှ စည်ကားသော ရွာကြီးများရှိသော်လည်း ကားလမ်းဘေးတွင် မေးတင်၍မရှိသည်ကများသည်။ လူနေအိမ်ခြေအများစုသည် ရော်ဘာခြံများ၏နောက် အတွင်းပိုင်းတွင် ရှိခြင်းသည် မွန်ပြည်နယ်၏ထူးခြားချက်ဖြစ်၏။ ရွာအဝင်လမ်းသည် ရော်ဘာပင်များကြားမှ ဖြတ်သန်းသွားရသည်။ ရှေးယခင်က မြေသားလမ်းများနေရာတွင် ယခုအခါ ဂဝံလမ်း၊ ကတ္တရာလမ်းများ ခင်းထားနိုင်သည်အထိ တိုးတက်မှုများကိုလည်း တွေ့မြင်ရ၏။ ကားလမ်းနံဘေးတွင် စိမ်းစိုလန်းဆန်းလှပစွာ စီတန်းရှင်သန်နေသော ရော်ဘာပင်များ၏ကြားမှ အသစ်တစ်ဖန်ခင်းထားသော နာမည်ကျော် စက်စဲ ကမ်းခြေအပန်းဖြေစခန်းလမ်းသစ်ကိုလည်း ဖြတ်သန်းခဲ့ကြ၏။ လှပအေးချမ်းသော စက်စဲကမ်းခြေ၏ အုန်းပင်ရိပ်တွင် ပင်လယ်ပြင်မှ တိုက်ခတ်လာသော လေညင်းကို ရှူရှိုက်ရင်း အုန်းရေချိုချိုကိုသောက်၍ အပန်းလည်းဖြေဖြစ်ကြသည်။

ပင်လယ်ထဲသို့ နေလုံးကြီးဝင်ရောက်စပြုချိန်တွင် ကျိုက္ခမိတန်ခိုးကြီးရေလယ်စေတီတော်မြတ်ကို ဦးတိုက်မိကြပါသည်။ ညှော့ရိပ်သာတွင် တစ်ညတာနားခို၍ နံနက်ခင်းတွင် ကျိုက္ခမီစေတီတော်မြတ်ကြီးကို ဖူးမြော်ပြီး ရှင်ဥပဂုတ္တ ရဟန္တာအရှင်မြတ်ကြီး၏ စံကျောင်းတော်ရှိရာသို့ ကျောက်ခင်းလမ်းမှ ကျော်ဖြတ်ရင်း ဖူးမြော်ခဲ့ရ၏။ အပြန်ခရီးတွင် မွန်ပြည်နယ်၏ တန်ခိုးကြီးဘုရားဖြစ်သော ထိုင်လျက်၊ လက်ထောက်လျက် အနေအထားဖြင့်စံပယ်နေသော ကျိုက်မရောဘုရားကြီးကိုလည်း ဖူးမြော်ခွင့်ရခဲ့ကြပါသည်။ သံလွင်တံတား(မော်လမြိုင်)ကို ဒုတိယအကြိမ်ထပ်မံဖြတ်သန်းခံစားရင်း တံတားကြီးပေါ်တွင် မြစ်ပြင်လယ်မှ တိုက်ခတ်လာသောလေကို တဝကြီးရှူရှိုက်ရင်း သာယာလှပသော မွန်ပြည်နယ်ကို ကြည်နူးရွှင်ပျစွာ နှုတ်ခွန်းဆက်လိုက်ရပါ၏။

နိုင်ငံတော်က တာဝန်ကျေပွန်ခဲ့ပါပြီ။ **ဘယ်လောက်ရင်း၍၊ ဘယ်လောက်အကျိုးအမြတ် ရရှိမည်ဆိုခြင်းထက် ပြည်သူအများ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့ရေးတာဝန်ကို နိုင်ငံတော်က ကျေပွန်ခဲ့ပါသည်။ ယခုအခါတွင်ပြည်ရွာလည်းအေးချမ်း၍ ခရီးလမ်းပန်းလည်း သာယာ၍နေပါပြီ။** မွန်ပြည်နယ်အပါအဝင်ပြည်ထောင်စုတစ်ဝန်းလုံးသည် လှပဖွံ့ဖြိုး စည်ပင်သာယာတိုးတက်လျက် ရှိပါကြောင်းတင်ပြရင်း အိပ်မက် တံတားကြီးကို ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။ ။

ဘယ်လောက်ရင်း၍၊ ဘယ်လောက် အကျိုးအမြတ်ရရှိမည်ဆိုခြင်းထက် ပြည်သူအများ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့ရေးတာဝန်ကို နိုင်ငံတော်က ကျေပွန်ခဲ့ပါသည်။ ယခုအခါတွင် ပြည်ရွာလည်းအေးချမ်း၍ ခရီးလမ်းပန်းလည်း သာယာ၍နေပါပြီ။

အလှူငွေပေးအပ်

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ လှော်ကားလမ်းနေ ဦးစန်းမောင်မိသားစုက မြင်းခြံဆရာတော်၏ တစ်နှစ်ပြည့်ပူဇော်ပွဲနှင့် ကြေးသွန်းရုပ်တု ဖွင့်ပွဲအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ဘဏ္ဍာတော်ရှာဖွေရေး ဆပ်ကော်မတီသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြင်းခြံဆရာတော်ကြီး တစ်နှစ်ပြည့်ပူဇော်ပွဲနှင့် ကြေးသွန်းရုပ်တုဖွင့်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်သော ကျေးဇူးရှင် မြင်းခြံဆရာတော်ကြီး၏ တစ်နှစ်ပြည့်ပူဇော်ပွဲနှင့် ကြေးသွန်းရုပ်တု ဖွင့်ပွဲ အခမ်းအနားကို မတ် ၇ ရက်(အင်္ဂါနေ့)တွင် ဒဂုံမြို့သစ်တောင်ပိုင်း (၂၆)ရပ်ကွက် ပုလဲရတနာလမ်း နိကာယ် စာသင်တိုက်ကြီးတွင် ကျင်းပမည်ဖြစ်သည်။ ပင့်သံဃာအပါး ၄၀၀ နှင့် ကျောင်းရှိ သံဃာအပါး ၃၀၀တို့အတွက် ဆွမ်း၊ လှူဖွယ်ဒါနဝတ္ထု လှူဒါန်းလိုသူများသည် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ ဖုန်း-၀၉-၉၀၃၂၀၅၂၊ ၀၉-၈၀၂၀၆၈၄၊ ၀၉-၅၀၁၈၄၉၄၊ ၀၉-၈၀၂၂၈၆၀၊ ၀၉-၉၉၂၈၂၀၅၊ ၀၁-၅၉၄၆၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

ရေကြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်ဟန်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးသက်နိုင်သိန်းတို့ ရှင်းလင်းပြသစဉ်။
(မြို့နယ်စည်ပင်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ All China Women's Federation Chairperson အားတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ဖေဖော်ဝါရီ၁၅ရက် ညနေ ၃နာရီခွဲတွင် ပေကျင်းမြို့ရှိ All China Women's Federationသို့ သွားရောက်၍ အဆိုပါ Federation Chairperson မဒမ်ဂူရှုလျန်အား တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အတူ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အဖွဲ့ဝင်ဒေါ်မြင့်မြင့်စိုး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တွေ့ဆုံပွဲအပြီးတွင် မှတ်တမ်းဓာတ်ပုံရိုက်၍ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်လဲလှယ်ကြသည်။ (သတင်းစဉ်)



တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ All China Women's Federation Chairperson **မဒမ်ဂူရှုလျန်အားတွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲရက် သတ်မှတ်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ သြဝါဒနှင့်အညီ မြို့နယ်သံဃနာယကအဖွဲ့အသီးသီးက ကြီးမှူး၍ နှစ်စဉ်ဖွင့်လှစ်လျက်ရှိသော (၂၃)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှု စာမေးပွဲကို ၁၃၆၈ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ ရက်၊ ၁၅ ရက်နှင့် နယုန်လဆန်း (၁) ရက်၊ ၂၀၀၆ ခုနှစ် မေ ၂၅ရက်၊ ၂၆ ရက်နှင့် ၂၇ရက် (ကြာသပတေး၊ သောကြာနှင့် စနေနေ့)များတွင် မြန်မာနိုင်ငံ တစ်ဝန်းလုံး၌ တစ်ပြိုင်တည်း ကျင်းပသွားရန် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သတ်မှတ်ခဲ့ပြီးဖြစ်သည်။

ယင်းစာမေးပွဲတွင် သတ်မှတ်ထားသည့် သုံးဘာသာစလုံးကို ဖြစ်စေ၊ ကြိုက်နှစ်သက်ရာ နှစ်ဘာသာကို ဖြစ်စေ (သို့မဟုတ်) တစ်ဘာသာကို ဖြစ်စေဖြေဆိုနိုင်သည်။ စာမေးပွဲဖြေဆိုရန်အတွက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က အတည်ပြုပြဋ္ဌာန်းထားသော ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်ခန်းစာစာအုပ်များကို သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတွင်ဆက်သွယ်ဝယ်ယူရရှိနိုင်ကြောင်းနှင့် ရပ်ဝေးမှ မှာယူပါက စာရေးဆက်သွယ်မှာကြားနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ဝိပဿနာ ၁၀ ရက် တရားစခန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ကလေးမြို့ စကားလှဓမ္မာရုံကျောင်း၌ ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ ဓမ္မပါလ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့ ငါးထပ်ကြီးဘုရားလမ်းဓမ္မဇောတိရိပ်သာတွင် ၁၀ ရက် ဝိပဿနာတရားစခန်းကို ဖေဖော်ဝါရီ ၂၅ရက်မှ မတ် ၈ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ (က-ပ)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ဂွမ်ဒုန်းပြည်နယ် ဂွမ်ကျိုးမြို့ရှိ Guangzhon Women's Federation ၏ သင်တန်းဌာနများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ Guangzhou Women's Federation Chairwomen နှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ဖေဖော်ဝါရီ ၁၇ရက် မွန်းလွဲ ၂နာရီခွဲတွင် ဂွမ်ဒုန်းပြည်နယ် ဂွမ်ကျိုးမြို့ရှိ Guangzhou Women's Federation အဆောက်အအုံ၌ Federation Chairwomen Ms. Li Jin နှင့် တွေ့ဆုံဆွေးနွေးသည်။

တက်ရောက်

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုး၊ သံအမတ်ကြီး ဦးသိန်းလွင်၏ ဇနီး ဒေါ်နွဲ့နွဲ့ဟန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အမျိုးသမီးရေးရာ ကိစ္စများကို ဆွေးနွေးကာ လက်ဆောင်ပစ္စည်းများကို အပြန်အလှန်လဲလှယ်ကြသည်။

ထို့နောက် ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များသည် အဆိုပါ Federation ၏သင်တန်းဌာနများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

ဈေးငွေလုပ်ငန်း တိုးတက်စေရန် သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်၏ ချေးငွေလုပ်ငန်းများ စနစ်တကျ တိုးတက်စေရန်နှင့် အရင်းအတိုးပေးဆပ်ရန် ပျက်ကွက်နေသော ချေးငွေများ လျော့နည်းကျဆင်းရေးသင်တန်း အမှတ်စဉ်(၁/၂၀၀၆)ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် သင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ဦးဆောင်ညွှန်ကြားရေးမှူး(ကိုယ်စား)အထွေထွေမန် နေဂျာ ဦးမောင်မောင်ဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားသည်။**(အောက်ပုံ)** (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၂-၂၀၀၆ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇:၀၅ ဘော်ဘင်ရေလှောင်တမံ
၇:၁၅ ဓလေ့ရိုးရာရှမ်းရွာလေးများ
၇:၂၅ တေးဂီတအစီအစဉ်
၇:၃၀ အနုပညာရပ်ဝန်းမှပွဲတင်သံများ (Korea Stars MyanmarTour)
၇:၄၅ ပြည်တွင်းသတင်းအကျဉ်း
၇:၅၅ တေးဂီတအစီအစဉ်
၈:၀၀ ကြည်နူးချမ်းမြေ့ပျော်ပျော်ရွှင် အမျိုးသားကန်တော်ကြီးဥယျာဉ် (အပိုင်း-၂)
၈:၁၅ လွယ်ကူသက်သာမြန်မာ့ဟင်းလျာ (ငါးရံ့ခြောက်နှင့်မုန်လာဥ ချဉ်ရည်ဟင်း)
၈:၃၅ တေးဂီတအစီအစဉ်
၈:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၄၅ ကွမ်းစားခြင်းနှင့်ခံတွင်းရောဂါ အန္တရာယ်
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ မိုးလေဝသခန့်မှန်းချက်
၉:၀၅ Sunday Talk [ဦးမျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၁၀:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀ ကျွန်းသင်းသတ်ခြင်း
၁၀:၃၀ ပြည်တွင်းသတင်းအကျဉ်း
၁၀:၄၀ တေးဂီတအစီအစဉ်
၁၀:၄၅ မြေလွှာကိုဖွင့် ပြည်ကိုမြင့်အံ့ (အပိုင်း-၁)
၁၀:၅၅ သစ်သီးပင်မျိုးပွားနည်းများ
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၁၅ နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ (မြန်မာ A, ထိုင်း) (နှစ်ယောက်တွဲ)
၁၁:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀ တေးဂီတအစီအစဉ်
၁၁:၄၅ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (တီထွင်မှုမူပိုင်နှင့်စက်မှုဒီဇိုင်း မူပိုင်ခွင့် ဆွေးနွေးခန်း)
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

Champion League **ဘောလုံးပွဲစဉ်များ**

ညပိုင်း အစီအစဉ်လိုင်း

၂:၀၀ Benfica - Liverpool 5-Sports (Live)
Real Madrid - Arsenal 5-Movies (Live)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ဂွမ်ကျိုးမြို့ ပိုင်းယွင် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်နှင့်အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

များဖြင့် လှည့်လည်လေ့လာကြပြီး Guangzhou Technological Innovation Base သို့ ရောက်ရှိကြရာ ဂွမ်ကျိုးသိပ္ပံမြို့တော်မှ ဒါရိုက်တာ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် မစ္စတာ ဒန်ယူမင်က ဂွမ်ကျိုးသိပ္ပံမြို့တော် တည်နေရာ၊ ၁၉၉၈ ခုနှစ်မှစတင်၍ ဂွမ်ကျိုးသိပ္ပံမြို့တော်ကို တည်ထောင်ခဲ့မှု၊ သိပ္ပံမြို့တော်၏ အကျယ်အဝန်း၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရ၏ အားပေး ပံ့ပိုးကူညီမှုများ၊ ရင်းနှီးမြှုပ်နှံသူများ၊ အတတ်ပညာရှင်များအား ဂွမ်ကျိုး သိပ္ပံမြို့တော်၌ လာရောက် ရင်းနှီးမြှုပ်နှံရန် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု များ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးမှုမရှိစေဘဲ သိပ္ပံမြို့တော်ကို တည်ဆောက်ခဲ့မှုများ၊ သိပ္ပံမြို့တော် တည်ဆောက်ရာတွင် ရရှိခဲ့သည့် အတွေ့အကြုံများ၊ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက် စေမှုများ၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တစ်နေ့တခြား တိုးမြှင့်ရရှိလာမှု များ၊ သိပ္ပံမြို့တော်၏ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများကို ရှင်းလင်းတင်ပြ သည်။

မေးမြန်း

ယင်းနောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည်များကို မေးမြန်းပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ဂွမ်ကျိုးသိပ္ပံမြို့တော်ကို ဂွမ်ကျိုးမြို့ အရှေ့ဘက်တွင် ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှ အစပြု တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ဧရိယာအကျယ်အဝန်း ၃၇၃၄ စတုရန်းကီလိုမီတာရှိပြီး ကွန်ပျူတာနှင့် Software လုပ်ငန်း၊ ဇီဝနည်းပညာနှင့် ဆေးဝါးစက်မှုလုပ်ငန်း၊ ဖိုတို အီလက်ထရွန်နစ်လုပ်ငန်း၊ သတ္တုလုပ်ငန်း စသည်တို့ ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ဂွမ်ကျိုးသိပ္ပံမြို့တော် Guangzhou Technological Innovation Base မှ ဒါရိုက်တာအဖွဲ့ဝင် မစ္စတာဒန်ယူမင်က သိပ္ပံမြို့တော်၏ ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းအား ရှင်းကျန့်မြို့ Wuzhou Guest House ၌ ရှင်းကျန့် မြို့တော်ဝန် မစ္စတာရွှီဇုန်းဟန်က ဂါရဝပြုတွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းသိပ္ပံမြို့တော်သည် အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆန်းသစ် မြင့်မားသည့် နည်းပညာများကို ဖန်တီးဖော်ဆောင်သွားရန် ရည်မှန်းထားသည့် သိပ္ပံမြို့တော်ဖြစ်သည်။

သံမဏိစက်ရုံ

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဂွမ်ကျိုးသိပ္ပံမြို့တော်ရှိ Lianzhong Stainless Steel Corporation ၏ သံမဏိစက်ရုံသို့သွားရောက် လေ့လာကြရာ ကော်ပိုရေးရှင်းဥက္ကဋ္ဌ မစ္စတာလီက သံမဏိစက်ရုံ တည်ဆောက်ခဲ့ မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ သံမဏိသံပြားအမျိုးမျိုး ထုတ်လုပ်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သံမဏိသံပြားထုတ်လုပ်နေမှုများနှင့် ထုတ်လုပ်ထားသည့် ကုန်ချောပစ္စည်းများကို လှည့်လည်ရှင်းလင်း ပြသကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် ကော်ပိုရေးရှင်း ဥက္ကဋ္ဌတို့သည် လက်ဆောင် ပစ္စည်းများကို အပြန်အလှန် ပေးအပ်ကြသည်။

Lianzhong Stainless Steel Corporation ၏ သံမဏိစက်ရုံသည် ခေတ်မီနည်းပညာများ၊ ခေတ်မီ စက်ပစ္စည်းကိရိယာများကို အသုံးပြု၍ သံမဏိ သံပြားအမျိုးမျိုးထုတ်လုပ်လျက်ရှိသည့် သံမဏိစက်ရုံကြီး ဖြစ်သည်။ နှစ်စဉ်ထုတ်လုပ်မှု ပမာဏမှာ သံပြားအပါးစားတန်သုံးသိန်းဖြစ်ပြီး သံပြား ထုများကို သုည ဒသမ ၃ မီလီမီတာမှ ၁၀မီလီမီတာထုအထိ ထုတ်လုပ်နိုင်ပြီး တစ်နှစ်ထုတ်လုပ်မှု တန်ရှစ်သိန်း ထုတ်နိုင်သည့် စက်ရုံဖြစ်သည်။

ရှင်းကျန့်မြို့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉နာရီခွဲတွင် ဂွမ်ကျိုးမြို့မှ ရှင်းကျန့်မြို့ Shenzhen High Tech Industry Park သို့ မော်တော် ယာဉ်များဖြင့် ရောက်ရှိကြရာ ရှင်းကျန့်မြို့ ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့ နှင့် Shenzhen High Tech Industry Park မှ ဒါရိုက်တာ အဖွဲ့ဝင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့က မြန်မာချစ်ကြည် ရေးကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Shenzhen High Tech Industry Pank Director Mr. Lin က Shenzhen High Tech Industry Park စတင်တည်ထောင်ခဲ့မှုနှင့် ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ပဏာမတင်ပြပြီး Industrial Park ၏ ဖွံ့ဖြိုးတိုးတက်မှု များကို ရုပ်ရှင်ဖြင့် ဆက်လက် ရှင်းလင်းပြသသည်။

ဆက်လက်၍ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာတို့က သိလိုသည်များကို မေးမြန်းကြရာ ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့နှင့် ဒါရိုက်တာမစ္စတာလင်တို့က ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

တံခါးဖွင့်မူဝါဒ

ဆက်လက်၍ ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့က ရှင်းကျန့်မြို့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၏ စီးပွားရေး တံခါးဖွင့်မူဝါဒ ကျင့်သုံးမှုကြောင့် ယခုကဲ့သို့ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းဖြစ်ကြောင်း၊ တရုတ် ဗဟိုအစိုးရအနေဖြင့် ရှင်းကျန့်မြို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် စမ်းသပ်နယ်မြေအဖြစ် သတ်မှတ်ပြီး ဦးစားပေးမူဝါဒများ ချမှတ်ပေးခဲ့ ပါကြောင်း။

မိမိတို့ အတွေ့အကြုံအရ စီးပွားရေးဖွံ့ဖြိုးမှု ရရှိစေရန် လိုက်လျော ညီထွေရှိစေမည့် ပြင်ဆင်မှုများ ကိုလည်း မကြာခဏ ဆောင်ရွက်ခဲ့ရပါကြောင်း။

ယခုအခါ ရှင်းကျန့်မြို့ရှိ ကုမ္ပဏီပေါင်း ၅၂ရာခိုင်နှုန်းမှာ အဆင့်မြင့် နည်းပညာသုံး ကုမ္ပဏီများဖြစ်ပါကြောင်းဖြင့်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့ သိရှိလိုသည်များကို ရှင်းလင်းဖြေကြားပေးသည့်အတွက်လည်းကောင်း၊ ရှင်းကျန့် အဆင့်မြင့်

နည်းပညာစက်မှုဇုန် အကြောင်း ပြည့်ပြည့်...

မိတ်ဆွေများကို အထူးကျေးဇူးတင်ပါ...

မြန်မာနိုင်ငံ၌လည်း စက်မှုဇုန်များ...

မြို့မှ မိတ်ဆွေအတတ်ပညာရှင်များ၊ ...

လာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြ... သည်။

လှည့်လည်...

ဆက်လက်၍ ရှင်းကျန့်မြို့ရှိ ...

ကျန်းမာရေးအထောက်အကူပြု ခေတ်မီစ...

ဆေးဝါးများ၊ ဆက်သွယ်ရေးပစ္စည်းမျ...

လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက်...

မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသ...

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေ...

ရှင်းကျန့်မြို့၌ အမြင့်ဆုံးတာဝါဖြစ်သ...

View Centre သို့ သွားရောက်ကြပြ...

တိုးတက်မှု မြင်ကွင်းကို လေ့လာကြည့်...

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်...

နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ မိန...

Guest House သို့ ရောက်ရှိကြသည...

တရုတ်ဗဟိုအစိုးရအနေဖြင့် ရှင်း...
ရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် စမ်းသပ်...
သတ်မှတ်ပြီး ဦးစားပေးမူဝါဒများ ...
မိမိတို့ အတွေ့အကြုံအရ စီးပွား...
စေရန် လိုက်လျောညီထွေရှိစေမည့်...
ကိုလည်း မကြာခဏ ဆောင်ရွက်...
ယခုအခါ ရှင်းကျန့်မြို့ရှိ ကုမ္ပဏီ...
နှုန်းမှာ အဆင့်မြင့် နည်းပညာသုံး ...

နည်းပညာစက်မှုဇုန် အကြောင်း ပြည့်ပြည့်စုံစုံ သိရှိရသည့်အတွက် လည်းကောင်း မိတ်ဆွေများကို အထူးကျေးဇူးတင်ပါကြောင်း။

မြန်မာနိုင်ငံ၌လည်း စက်မှုဇုန်များ ထူထောင်လျက်ရှိရာ ရှင်းကျန့်မြို့မှ မိတ်ဆွေအတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များအား မြန်မာနိုင်ငံသို့

လာရောက် ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရန် ဖိတ်ခေါ်ကြောင်းဖြင့် ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ ရှင်းကျန့်မြို့ရှိ ကုမ္ပဏီများက ထုတ်လုပ်ထားသည့် ကျန်းမာရေးအထောက်အကူပြု ခေတ်မီစက်ကိရိယာများ၊ ကမ္ဘာ့အဆင့်အတန်းမီ ဆေးဝါးများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ ကွန်ပျူတာများ စသည်တို့ကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ဝန်ကြီးချုပ်သည် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထိုမှတစ်ဆင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရှင်းကျန့်မြို့၌ အမြင့်ဆုံးတာဝါဖြစ်သည့် ၃၈၄မီတာမြင့်သော Meridian View Centre သို့ သွားရောက်ကြပြီး ၆၉ထပ်မှ ရှင်းကျန့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းကို လေ့လာကြည့်ရှုကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ မိနစ် ၄၀ တွင် ရှင်းကျန့်မြို့ Wuzhou Guest House သို့ ရောက်ရှိကြသည်။

...ဟိုအစိုးရအနေဖြင့် ရှင်းကျန့်မြို့၏ စီးပွား
...းတက်မှုရရှိရန် စမ်းသပ်နယ်မြေအဖြစ်
...း ဦးစားပေးမူဝါဒများ ချမှတ်ပေးခဲ့၊
...အတွေ့အကြုံအရ စီးပွားရေးဖွံ့ဖြိုးမှု ရရှိ
...လျောညီထွေရှိစေမည့် ပြင်ဆင်မှုများ
...ကြာခဏ ဆောင်ရွက်ခဲ့၊
...ါ ရှင်းကျန့်မြို့ရှိ ကုမ္ပဏီပေါင်း ၅၂ရာခိုင်
...င့်မြင့် နည်းပညာသုံး ကုမ္ပဏီများဖြစ်။

မြန်မာနိုင်ငံတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ရှင်းကျန့်မှ လုပ်ငန်းရှင်များ လာရောက်ရင်းနှီးမြှုပ်နှံရေး ရှင်းလင်းပြောကြား

ဂါရဝပြု တွေ့ဆုံ

ရှင်းကျန့်မြို့တော်ဝန် မစ္စတာရွှီဇုန်းဟန်သည် နိုင်ငံတော်ဝန်ကြီးချုပ်အား နံနက် ၁၁နာရီ ၄၅မိနစ်တွင် Wuzhou Guest House သို့ လာရောက်၍ ဂါရဝပြု တွေ့ဆုံနှုတ်ဆက်သည်။

ယင်းသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် ရှင်းကျန့်မြို့တော်ဝန် မစ္စတာရွှီဇုန်းဟန်က ရှင်းကျန့်မြို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ၊ ရှင်းကျန့်စီးပွားရေးဇုန်၌ ဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့် သိပ္ပံနည်းပညာလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ ငွေကြေးဈေးကွက်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်း ဆောင်ရွက် အောင်မြင်မှုများ၊ အနာဂတ်ငါးနှစ် စီမံကိန်းလျာထားဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအတွက် ကျေးဇူးတင်ရှိကြောင်းပြောကြားပြီး မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ နှစ်နိုင်ငံချစ်ကြည်ရေး တိုးတက် ခိုင်မာအောင် ဆောင်ရွက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ၊ မြန်မာနိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်မှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ရှင်းကျန့်မှ စီးပွားရေး လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရှင်းကျန့်မြို့တော်ဝန်တို့သည် အမှတ်တရပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ရှင်းကျန့်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ကွမ်မု နှင့်ဇနီး၊ ရှင်းကျန့်ဒုတိယမြို့တော်ဝန် မစ္စတာကျိုချင်းရွှေ့၊ မြန်မာနိုင်ငံ သံအမတ်ကြီးဦးသိန်းလွင်၊ ဇနီးနှင့်တာဝန်ရှိသူများအား နှုတ်ဆက်ကြသည်။

ထို့နောက် ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း အထူးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

လက်ခံတွေ့ဆုံ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်အမှတ်(၁၄)ရှိ ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာချန်ရှန်နှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် ဝန်ကြီးများနှင့်အတူ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဝန်ကြီးဌာန၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလားတူ ဝန်ကြီး ဦးစိုးသာသည် ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲပိုင်းတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာအဆောင်အမှတ်(၁၄) ဧည့်ခန်းမ၌

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ရှင်းကျန့်မြို့၌ အမြင့်ဆုံးတာဝါဖြစ်သည့် ၃၈၄ မီတာမြင့်သော Meridian View Centre ၆၉ထပ်မှ ရှင်းကျန့်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုမြင်ကွင်းကို လေ့လာကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၂-၂၀၀၆(အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
၈:၂၀ ၈။ အတီးပြိုင်ပွဲ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၀ ၄။ အဝေးသင် တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၅၅ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၅:၁၀ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၂၀ ၇။ **"အနိုင်အရှုံး" (ပိစိ၊ ကောင်းမြတ်) (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)**
၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "ရယ်ရွှင်ဆော့ပြေးပုရွက်ဆိတ်လေး" (အပိုင်း–၆၆)**
၆:၅၀ ၁၂။ ကြေးမုံရိပ်သွင် တေးနှယဉ်
၇:၁၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်လေ့ကားထစ်လေးများ" (အပိုင်း–၄၁)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်ဖွယ်နေ့ကလေးများ" (အပိုင်း–၁၂)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ပြန်လည်ထွက်ခွာရန် ရှင်းကျန့်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မုနှင့် ဇနီး၊ ရှင်းကျန့် ဒုတိယမြို့တော်ဝန် မစ္စတာ ကျိုချင်းရွှေ့နှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ် (၁၄)ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ လူဒွန်ဖူ အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ် (၁၂)ဧည့်ခန်းမ၌ China National Petroleum Corp President Mr. Chen Geng အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်အမှတ်(၁၄) ဧည့်ခန်း၌ Sinosteel Corporation မှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ရှီမင်းလီအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ်(၁၄) ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Telecommunication Corporation မှ ဒါရိုက်တာ Mr. Liang Niu အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

✪ **စာမျက်နှာ ၉ မှ**

Sinosteel Corporation မှ ဒုတိယဥက္ကဋ္ဌ မစ္စတာရှီမင်းလီနှင့် တာဝန်ရှိသူများအားလည်း လက်ခံတွေ့ဆုံသည်။

စွမ်းအင်

ထို့အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်အမှတ်(၁၂) ဧည့်ခန်းမ၌ ဖေဖော်ဝါရီ ၁၅ရက် နံနက် ၉နာရီတွင် China National Offshore Oil Corporation ဥက္ကဋ္ဌ Mr. Fu Chengyu အား လည်းကောင်း၊ မွန်းလွဲ ၁နာရီတွင် China National Petroleum Corp President Mr. Chen Geng အား လည်းကောင်း လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ဆက်သွယ်ရေး

အလားတူ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Telecommunications Corporation မှ ဒါရိုက်တာ Mr. Liang Niu အား ဖေဖော်ဝါရီ ၁၅ ရက် မွန်းလွဲ ၁ နာရီတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ် (၁၄)ဧည့်ခန်း၌ လက်ခံတွေ့ဆုံ၍ ဆက်သွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ဝန်ကြီးနှင့်အတူ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင် တက်ရောက်သည်။

ထို့အတူ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၁နာရီခွဲတွင် ပေကျင်းမြို့ ထျောက်ယူထိုင် နိုင်ငံတော်ဧည့်ဂေဟာ အဆောင်အမှတ်(၁၄) ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ဒုတိယဝန်ကြီးမစ္စတာ လူဒွန်ဖူအား လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြန်မာနိုင်ငံ၌ ရထားပို့ဆောင်ရေးလုပ်ငန်းများကို အဆင့်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့မီးရထားနှင့် တရုတ်မီးရထားဌာနတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်လိုကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ လူစီးတွဲ ၁၃၀ ကို ချစ်ကြည်ရေး လက်ဆောင်အဖြစ် ပေးအပ်ခဲ့ခြင်းအတွက် အထူးပင်ကျေးဇူးတင်ရှိ ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး မစ္စတာလူဒွန်ဖူကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရထားပို့ဆောင်ရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ ယူနန်ပြည်နယ် ကူမင်းမြို့မှ တာ့လီမြို့အထိ ရထားလမ်း ဖောက်လုပ်ပြီးဖြစ်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ရွှေလီမြို့အထိ ရထားလမ်းဖောက်လုပ်ရန် အစီအစဉ် ရှိကြောင်း၊ ရွှေလီမြို့မှ မူဆယ်မြို့၊ လားရှိုးမြို့များအထိ ရထားလမ်းဖောက်နိုင်ခြေ ရှိ၊ မရှိ အသေးစိတ်တိုင်းတာမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဖေဖော်ဝါရီ ၁၅ရက် မွန်းလွဲ ၂နာရီတွင် ထျောက်ယူထိုင် နိုင်ငံတော် ဧည့်ဂေဟာ အဆောင်အမှတ်(၁၄) ဧည့်ခန်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ China National Complete Plant Imp & Exp Corp (Group) ဥက္ကဋ္ဌ မစ္စတာလီဇီမင်းအားလည်း လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ့မီးရထားနှင့်အဆိုပါ ကုမ္ပဏီတို့ B.O.T စနစ်ဖြင့် တည်ဆောက်ထားသည့် မြစ်ငယ် ကွန်ကရစ်ဇလီဖားစက်ရုံ၏ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အသေးစိတ် ဆွေးနွေးကြသည်။

အဆိုပါ ကွန်ကရစ်ဇလီဖားစက်ရုံမှ တစ်နှစ်လျှင် ကွန်ကရစ် ဇလီဖားတုံး သုံးသိန်း ထုတ်လုပ်လျက်ရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၅/၂၀၀၆)ကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ဌာနမှူးများ၊ လုပ်ငန်းအဖွဲ့တာဝန်ခံများက ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက လိုအပ်သည်များကို ညှိနှိုင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး အမှတ်စဉ် (၅/၂၀၀၆)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ ဂွမ်ကျိုးမြို့ ညရှုခင်းကို ပုလဲမြစ်အတွင်း ရေယာဉ်ပေါ်မှ ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ရန် စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိ ကြိုးစားအားထုတ်မှုကောင်းများကြောင့် အောင်မြင်မှု ရရှိခံစားနေရ

* ကျောဖုံးမှ

မိမိတို့ပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တောင်ဘက်ဆုံးတွင် တည်ရှိသည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ပြည်နယ်၌ လူဦးရေသန်း ၈၀ ကျော် ရှိကြောင်း၊ ဂွမ်ဒုန်းပြည်နယ်၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုများလုပ်ပြီး နှစ်အနည်းငယ်အတွင်းမှာပင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း။

၂၇ နှစ်တာ ကာလအတွင်း ဂွမ်ဒုန်းပြည်နယ်၌ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် နိုင်ငံတော်တစ်ရပ်လုံး ရင်းနှီးမြှုပ်နှံမှု၏ လေးပုံတစ်ပုံရှိကြောင်း၊ ပြီးခဲ့သည့်နှစ် ဘဏ္ဍာရေးဝင်ငွေသည် နိုင်ငံတော်တစ်ရပ်လုံး၏ လေးပုံတစ်ပုံရှိကြောင်း၊ ကုန်ပစ္စည်း တင်ပို့ရောင်းချမှု ပမာဏမှာလည်း လေးပုံတစ်ပုံရှိကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံး

ဂွမ်ဒုန်းပြည်နယ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံရှိ ပြည်နယ်များအနက် လူမှုရေးအတည်ငြိမ်ဆုံး၊ စီးပွားဖွံ့ဖြိုးတိုးတက်မှု အကောင်းဆုံး၊ ရင်းနှီးမြှုပ်နှံမှု အများဆုံးပြည်နယ်ဖြစ်ကြောင်း။

ဤကဲ့သို့ အောင်မြင်မှုများ ရရှိခြင်းမှာလည်း မြန်မာနိုင်ငံအပါအဝင် မိတ်ဆွေနိုင်ငံများ၏ ကူညီမှု၊ အားပေးထောက်ခံမှုများကြောင့် ဖြစ်ကြောင်းကို အခွင့်သင့်ခိုက် ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း၊ ဤအောင်မြင်ဖြစ်ထွန်းမှုများကို ရပ်တန့်မသွားစေဘဲ ဆက်လက် အောင်မြင်အောင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မိမိတို့ပြည်နယ်ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် ကြိုးပမ်းသွားမည် ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်လျက်ရှိ

မိမိတို့အနေဖြင့် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရေးကို အလေးထားပါကြောင်း၊ တရုတ်–မြန်မာ နှစ်နိုင်ငံကုမ္ပဏီများ ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ ပြည်နယ်မှကုမ္ပဏီများလည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံဆောင်ရွက် လျက်ရှိကြောင်း၊ အထူးသဖြင့် ခရီးသွားလာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ် ဖြစ်ထွန်းလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

လှိုက်လှဲနွေးထွေး

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက ဆွေးနွေးပြောကြားရာ၌ မိမိတို့အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုသဖြင့် ညီရင်းအစ်ကိုထံ လာရောက် ရသကဲ့သို့ ဝမ်းသာကြည်နူးရကြောင်း၊ မြန်မာနိုင်ငံနှင့် ဂွမ်ဒုန်းပြည်နယ်သည် ရှေးနှစ်ပေါင်းများစွာကတည်းက ကူးသန်းဆက်သွယ်မှု ရှိခဲ့ပြီးဖြစ်ကြောင်း။

အဆွေတော်၏ ပြည်နယ်တိုးတက်ရေးဆောင်ရွက်ချက်များ ရှင်းပြသည်ကို ကြားရသည်မှာ ကျေနပ်အားရဖွယ်ကောင်းပါကြောင်း၊ ၁၉၇၈ ခုနှစ်မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်ခဲ့ ရာတွင် ဂွမ်ဒုန်းပြည်နယ်ကို စံအဖြစ်သတ်မှတ်၍ စီးပွားဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ခဲ့ ကြောင်းသိရှိရ၍ ဂုဏ်ယူပါကြောင်း။

လက်တွေ့အောင်မြင်

မိမိတို့လည်း မိမိတို့နိုင်ငံကို ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံကိန်းများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကြိုးစားအားထုတ်မှုကောင်းများကြောင့် လက်တွေ့ အောင်မြင်မှု အကျိုးကျေးဇူးများ ရရှိခံစားနေရပြီဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဒေသတွင်း နိုင်ငံများ၊ အထူးသဖြင့် မိတ်ဆွေရင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်ခြင်းများပြုလုပ်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ရေမြေသယံဇာတကောင်းများ ရှိသကဲ့သို့ သတ္တု၊ ရေနံ၊ သဘာဝဓာတ်ငွေ့ စသည်တို့လည်း ပေါကြွယ်ဝကြောင်း၊ သို့သော် မိမိတို့သည် နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်နေသေးကြောင်း၊ မြန်မာ နိုင်ငံ၏ အလားအလာကောင်းများကို ဤပြည်နယ်မှ စီးပွားရေးလုပ်ငန်းရှင်များ လာရောက်လေ့လာစေလိုကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများလည်း ပြုစေချင်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည်များကို အားပေးကူညီသွားမည့်ပြင် ဥပဒေဖြင့်ပါ ကာကွယ်စောင့်ရှောက်မှုများ ပေးသွားမည်ဖြစ်ကြောင်း။

နှစ်နိုင်ငံ ခေါင်းဆောင်များက ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးတို့ကိုဆောင်ရွက်ရန် ဆန္ဒများရှိကြရာ မိမိတို့ မျိုးဆက်သစ်ခေါင်းဆောင်များက အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

လက်ဆောင်အပြန်အလှန်ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာ တန်ဘင်းချွမ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများကို အပြန် အလှန် ပေးအပ်ကြပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံနှုတ်ဆက်ပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွဲ့နှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်က ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုညစာစားပွဲ အပြီးတွင် ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် ဂွမ်ကျိုးမြို့ ညရှုခင်းကို ပုလဲမြစ်အတွင်း ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြ သည်။ (သတင်းစဉ်)

ပညာရေးကောလိပ်မှ ကျောင်းသား၊ ကျောင်းသူများ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)သို့လာရောက်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက် (တောင်ကြီး) သို့ တောင်ကြီးပညာရေးကောလိပ် လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေမ ကြည်၊ ဦးစီးကြီးကြပ်သူ ဆရာ၊ ဆရာမများ လိုက်ပါလျက် စတုတ္ထ တန်း ကျောင်းသား၊ ကျောင်းသူ ၉၀ တို့သည် ကိုယ်ပွားသတင်းစာ ထုတ်ဝေမှု အဆင့်ဆင့်အား ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈နာရီတွင် လာရောက် လေ့လာကြသည်။

ရှင်းလင်းပြောကြား

လေ့လာရေးကျောင်းသား၊ကျောင်းသူ များအား စာတည်း ဦးနိုင်ထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြား ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တောင်ကြီးဇုန်နယ်မှူး ဦးမြင့်ဦးက သတင်းစာဖိုင်များ ဖမ်းယူပုံ အဆင့်ဆင့် အားလည်းကောင်း၊ စာတည်း ဦးနိုင် ထွန်းက ဓာတ်ပုံခန်း၊ ပုံနှိပ်စက်ခန်းနှင့် သတင်းစာထုတ်လုပ်ပုံ အဆင့်ဆင့်အား လည်းကောင်း ရှင်းလင်းပြောကြားခဲ့ သည်။

(က–ပ)

ဖေဖော်ဝါရီ ၂၀ ရက်က အထက(၂) လသာတွင် ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနား ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင် အုန်းမြင့်၊ ကျောင်းအကျိုးတော်ဆောင်၊ မိဘဆရာအသင်း အမှုဆောင်များနှင့် ကျောင်းသူများ စုပေါင်းစိုက်ပျိုးကြစဉ်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁–၂–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ထုံးရယ်မပြယ်" (အပိုင်း–၁၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင်သိုင်းလုလင်" (အပိုင်း–၁၉)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။



ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ တော်ဝင်ကြက်ဆူဆီသုံး လယ်ယာ(၁၆)လက်တွန်းထွန်စက် သရုပ်ပြမောင်းနှင်ပြသမှုကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တော်ဝင်ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်အခမ်းအနား တက်ရောက် တော်ဝင်ကြက်ဆူ မျိုးသန့် မျိုးကိုင်းပင်များ ပါဝင်စိုက်ပျိုးပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့နှင့်အတူ ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၁နာရီခွဲတွင် လားရှိုးမြို့ နားဖကျေးရွာအနီးရှိ တိုင်းစစ်ဌာနချုပ်၏ အမှတ်(၃) ကုန်းမြင့်ယာမြေ တော်ဝင်ကြက်ဆူပင် (Royal Jatropha Curcas) မျိုးသန့်မျိုးပွား စံပြဧက ၁၀၀၀ စိုက်ခင်းအတွင်း၌ကျင်းပသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တော်ဝင်ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်အခမ်းအနားသို့ တက်ရောက်၍ တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးကိုင်း ပျိုးပင်များကို ကိုယ်တိုင်ပါဝင်စိုက်ပျိုးပေးကြသည်။

အဆိုပါ တော်ဝင်ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော် အခမ်းအနားသို့ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ လားရှိုးတပ်နယ် အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များ၊ အိမ်ထောင်စုဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြဧက ၁၀၀၀ စိုက်ခင်းအတွင်းရှိ ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး တာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က တော်ဝင်ကြက်ဆူပင် ဧက ငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းစစ်ဌာနချုပ်၏ အမှတ်(၃) ကုန်းမြင့်ယာမြေအတွင်း တော်ဝင်ကြက်ဆူပင် ဧက ၁၀၀၀ စိုက်ပျိုးရေးလုပ်ငန်း၏ တစ်ဆက်တစ်စပ်တည်းတွင် ပထမအဆင့် ဧက ၁၁၀ စိုက်ပျိုးပြီးစီးနေမှုနှင့် ထွက်ရှိလာသော တော်ဝင်ကြက်ဆူ မျိုးသန့်မျိုးပွား ပျိုးပင်များကို ဒေသခံတောင်သူများသို့ ကျယ်ပြန့်စွာ ဖြန့်ဖြူးပေးသွားမည့် အစီအမံများ၊ စိုက်ဧကများ ထပ်မံတိုးချဲ့ဆောင်ရွက်မှုနှင့် စိုက်ပျိုးရာသီအချိန်မီ မြေချစိုက်ပျိုးနိုင်ရေးအတွက် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နှင်းနှင်းခိုင်ကုမ္ပဏီလီမိတက်မှ စိုက်ပျိုးရေးတာဝန်ခံ ဦးကျော်ကျော်က တော်ဝင်ကြက်ဆူပင် ဧက ၁၀၀၀ စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က နိုင်ငံတော်အကြီးအကဲ၏ မူဝါဒလမ်းညွှန်တာဝန်ပေးချက် ဖြစ်သည့် စွမ်းအင်အစားထိုး ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်ရေးအတွက် ပြည်နယ်ချုပ် ဧက ငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် ၂၀၀၆ခုနှစ် ပထမနှစ်တွင် တော်ဝင်ကြက်ဆူပင် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း ဧက တစ်သောင်းသုံးထောင် စနစ်တကျ စိုက်ပျိုးပြီးစီးမှု၊

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အဖွဲ့ဝင်များ တော်ဝင်ကြက်ဆူဆီကြိတ်စက်ကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ရဲတပ်ဖွဲ့က ကြီးကြပ် စိုက်ပျိုးလျက်ရှိသော တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးပွားစိုက်ခင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်တို့ ပျိုးအိတ်များအတွင်း တော်ဝင်ကြက်ဆူမျိုးစေ့များကို ပါဝင်ပျိုးထောင်စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)

တော်ဝင်ကြက်ဆူ မျိုးကိုင်းပျိုးပင်များ၊ တော်ဝင်ကြက်ဆူ မျိုးစေ့ပျိုးပင်များကို စံပြမျိုးသန့်မျိုးပွား စိုက်ခင်းများတွင် စနစ်တကျ ပျိုးထောင်ထားရှိမှုနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအား တိုက်ရိုက် အထောက်အကူပြုသော တော်ဝင်ကြက်ဆူဆီကို အသုံးပြု၍ ကျေးရွာ မီးလင်းရေးအတွက် မီးစက်နှင့် မီးကြိုးများ၊ ထွက်ရှိလာသော တော်ဝင်ကြက်ဆူစေ့များကို ကြိတ်ခွဲရန်အတွက် တော်ဝင်ကြက်ဆူဆီသုံး ကြိတ်ခွဲစက်များ အခမဲ့ဖြည့်ဆည်း ထောက်ပံ့ပေးသွားမည့် အစီအစဉ်များကို ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်အကြီးအကဲ၏ မူဝါဒလမ်းညွှန် တာဝန်ပေးချက်ဖြစ်သည့် စွမ်းအင်အစားထိုး ဇီဝလောင်စာဆီ ထုတ်လုပ်ငန်းအတွက် တော်ဝင်ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင် ဖြစ်ထွန်းရေးအတွက် အမျိုးသားရေးတာဝန်အဖြစ် ဌာနဆိုင်ရာ တာဝန်ရှိသူအဆင့်ဆင့်နှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းပါဝင် ဆောင်ရွက်လာရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများအား တော်ဝင်ကြက်ဆူမျိုးကိုင်းပျိုးပင်များကို စိုက်ပျိုးရန် ဝေငှပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တော်ဝင်ကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်တွင် တော်ဝင်ကြက်ဆူ မျိုးကိုင်းပျိုးပင်များကို ကိုယ်တိုင် စိုက်ပျိုးပေးကြပြီး စိုက်ခင်းအတွင်း၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်သည်များ၊ အိမ်ထောင်စုဝင်များနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက တော်ဝင်ကြက်ဆူပင် နှစ်သောင်းလေးထောင်အား တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို တိုင်းမှူးနှင့် ဝန်ကြီးတို့က လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀၀ မျိုးသန့်မျိုးပွား စိုက်ခင်းအတွင်းရှိ တော်ဝင်ကြက်ဆူပျိုးဥယျာဉ်၏ ပျိုးဘောင်များပေါ်၌ တော်ဝင်ကြက်ဆူ မျိုးကိုင်းပျိုးပင်များကို ကိုယ်တိုင် ပါဝင်ပျိုးထောင်စိုက်ပျိုးပေးကြပြီး တော်ဝင်ကြက်ဆူပင် စိုက်ပျိုးရေး နည်းပညာပေး ခင်းကျင်းပြသထားသော တော်ဝင်ကြက်ဆူဆီဖြင့် ကျေးလက်မီးလင်းရေးမီးစက်၊ တော်ဝင်ကြက်ဆူဆီမီးဖို၊ တော်ဝင်ကြက်ဆူဆီမီးအိမ်၊ မီးခွက်များ၊ တော်ဝင်ကြက်ဆူဆီသုံး လယ်ယာ(၁၆) လက်တွန်းထွန်စက်များ၏ သရုပ်ပြမောင်းနှင်ပြသမှုနှင့် တော်ဝင်ကြက်ဆူ မျိုးကိုင်းပင်များ စုဆောင်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးပွားစံပြဧက ၁၀၀၀ စိုက်ခင်းအတွင်း၌ တော်ဝင်ကြက်ဆူ မျိုးကိုင်းပင်များကို ပင်ကြား တန်းကြား ၆ပေ x ၆ ပေ စိုက်နည်းစနစ်ဖြင့် စိုက်ဧက ၁၁၀အတွင်း တော်ဝင်ကြက်ဆူကိုင်း

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❐

(21-2)12.P65 1 1/3/32, 10:07 AM

❒ စာမျက်နှာ ၁၂ မှ

ပျိုးပင်တစ်သိန်းသုံးသောင်း နှစ်ထောင် စိုက်ပျိုးပြီးစီးနေမှု၊ တော်ဝင်ကြက်ဆူကိုင်းပျိုးပင်များမှ အရွက်သစ်များ စတင်ထွက်ရှိ ဖြစ်ထွန်းအောင် မြင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ နားဖကျေးရွာအနီး ပြည်နယ်ရဲတပ်ဖွဲ့က ကြီးကြပ်စိုက်ပျိုးလျက်ရှိသော တော်ဝင်ကြက်ဆူပင် မျိုးသန့်မျိုးပွား စံပြ ၁၀ဧက စိုက်ခင်းသို့ ရောက်ရှိကြရာ ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ခရိုင် ရဲတပ်ဖွဲ့ဝင်များ၏ တော်ဝင်ကြက်ဆူပင်စိုက်ဧက ၁၀၀၀စိုက်ပျိုးရန် လျာထားမှု၊ စိုက်ပျိုးပြီးစီးမှု၊ တော်ဝင်ကြက်ဆူမျိုးကိုင်း ပျိုးပင်များ၊ တော်ဝင်ကြက်ဆူမျိုးစေ့ ပျိုးပင်များဖြင့် ပျိုးထောင်ဆောင်ရွက်နေမှုနှင့် ဆက်လက်စိုက်ပျိုးဆောင်ရွက်မည့် အစီအမံများကို ရုပ်ပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် တော်ဝင်ကြက်ဆူပင် ပျိုးထောင်ထားရှိမှုနှင့် ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး ပျိုးအိတ်များအတွင်း တော်ဝင်ကြက်ဆူကိုင်းပျိုးပင်များကို ကိုယ်တိုင်ပါဝင်ပျိုးထောင်ပေးကြ၍ တပ်ဖွဲ့ဝင်ရဲမေများ၏ တော်ဝင်ကြက်ဆူပျိုးပင်များ တပျော်တပါး စုပေါင်းပျိုးထောင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့အထွက် တိုင်းစစ်ဌာနချုပ်၏အမှတ်(၁) ကုန်းမြင့်ယာမြေ ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်း၌ နှစ်ရှည်ပင်ဆင်းရွှေလီ ပျားလိမ္မော်၊ အရိုပ်မဲ့ ကော်ဖီပင်၊ သစ်ဆိမ့်ပင်၊ အုန်းဆံဆိမ့်ပင်များ၊ နှစ်တိုနာနတ်ပင် တစ်သိန်း နှစ်သောင်းငါးထောင် စိုက်ပျိုးပြီးစီးမှု၊ ဆင်းရွှေလီအထူးအထွက်တိုး ဆီထွက်နေကြာ၊ အစေ့ထုတ်ပြောင်း၊ ဆင်းရွှေလီ အထူးအထွက်ကောင်း ကြံ၊ ဆင်းရွှေလီ(ဆန်မွှေး)တစ်ဧက ပျှမ်းမျှ တင်း၂၀၀အထက် ထွက်ရှိရေး၊ မိုးစပါး၊ နွေစပါးစိုက်ခင်းများ၊ တော်ဝင်ကြက်ဆူပင် တစ်သိန်းတစ်သောင်း ရှစ်ထောင့်ရှစ်ရာကို သီးညှပ်အဖြစ် စိုက်ပျိုးပြီးစီးမှုနှင့်ပျိုးထောင်ထားရှိမှု၊ ငါးမွေးမြူရေးကန် ၁၄ကန်တွင် ငါးကောင်ရေ သုံးသိန်းငါးသောင်း မွေးမြူထားရှိမှု အခြေအနေများနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ၊ စိုက်နည်းစနစ်များကို ဒေသခံတောင်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေး ပညာပေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးက ဒေသဝမ်းစာဖူလုံရေးအတွက် မိုးစပါး၊ နွေစပါးတိုးချဲ့ စိုက်ပျိုးရေးတွင် ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ တစ်ဧက ပျှမ်းမျှ တင်း ၂၀၀ အထက် ထွက်ရှိရေး၊ အထွက်နှုန်းတိုးတက်ရေးအတွက် လိုက်နာ ဆောင်ရွက်ရန် စိုက်ပျိုးရေးဆိုင်ရာ ရည်မှန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမြင့်လှိုင်က သီးနှံများအလိုက် တစ်ဧကပန်းတိုင် အထွက်နှုန်းကျော်လွန်၍ တိုးတက်ရရှိရေးအတွက် ပြည်နယ်အတွင်း စိုက်ပျိုးဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်၌ စိုက်ပျိုးရေး ပညာပေး ပြသထားသော ဆင်းရွှေလီအထူးအထွက်တိုးစပ်မျိုးစပါး (F-1) မျိုးစေ့များ၊ ပန်းနှမ်း၊ ပဲပုပ်၊ နေကြာ၊ ဆီထွက်နေကြာ၊ အစေ့ထုတ်ပြောင်းမျိုးစေ့များ၏ မျိုးစေ့အရည်အသွေးများနှင့် ဆီထွက်နေကြာဆီများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀၀ မျိုးစေ့ထုတ် ဇုန်အတွင်းတစ်ဧက တန် ၅၀ ထွက်ဆင်းရွှေလီအထူးအထွက်ကောင်းကြံ စံပြဧက ၃၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး ဆင်းရွှေလီ အထူးအထွက်ကောင်းကြံပင်များကို သိပ္ပံနည်းကျစွာ အဖျားပိုင်း၊ အလယ်ပိုင်း၊ အရင်းပိုင်း ခွဲခြား၍ စနစ်တကျစိုက်ပျိုးထားရှိမှု၊ နှစ်ရှည် အုန်းဆံဆိမ့်ပင်နှင့် တော်ဝင်ကြက်ဆူပင်များကို သီးညှပ်အဖြစ် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်း နှစ်တိုနာနတ်တစ်သိန်း နှစ်သောင်း ငါးထောင် အကြား တော်ဝင်ကြက်ဆူပင် တစ်သိန်းတစ်သောင်း ရှစ်ထောင့်ရှစ်ရာ စံပြ သီးညှပ်စိုက်ခင်းသို့ ရောက်ရှိကြပြီး နှစ်တိုနာနတ်ပင်များ၏ အသီးများဖြင့် ဖြစ်ထွန်းအောင်မြင်နေမှု၊ တော်ဝင်ကြက်ဆူပင်များ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်း လေးနှစ်သားသက်တမ်းရှိ အုန်းဆံဆိမ့်ပင်၏ အသီးအပွင့်များဖြင့် ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးကြပြီး တော်ဝင်ကြက်ဆူပင် မျိုးသန့် မျိုးပွား စံပြပျိုးဥယျာဉ်အတွင်းရှိ ပျိုးပေါင်များပေါ်၌ တော်ဝင်ကြက်ဆူမျိုးကိုင်းပင် တစ်သောင်းလေးထောင့် ခြောက်ရာစနစ်တကျ ပျိုးထောင်ထားရှိမှုနှင့်ဖြစ်ထွန်းအောင်မြင်မှုတို့ကို ကြည့်ရှုစစ်ဆေးအားပေးကြသည်။

(သတင်းစဉ်)

ချယ်လ်ဆီးအသင်းနှင့် မစ်ဒယ်ဘရော့အသင်း အက်ဖ်အေပွဲများတွင် အသီးသီးအနိုင်ရ

ဖေဖော်ဝါရီ ၁၉ ရက်က လန်ဒန်ရှိ စတမ်းဖို့ဒ်ဘရေ့ဂျ် ကွင်းတွင် ကျင်းပသော အက်ဖ်အေဖလားပဥ္စမအဆင့်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ဒရော့ဘာ (အလယ်)နှင့် ကိုလ်ချက်စတာအသင်းမှ ဝိန်းဘရောင်းတို့ ဘောလုံးကိုအပြိုင်အဆိုင်ခေါင်းတိုက်ကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လန်ဒန် ဖေဖော်ဝါရီ ၂၀

တနင်္ဂနွေနေ့ကကျင်းပသော အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ၏ ပဥ္စမအကျော့ပွဲအဖြစ် ချယ်လ်ဆီးအသင်းနှင့် ကိုလ်ချက်စတာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂျိုးကိုးလ် သွင်းယူသော ဂိုးနှစ်ဂိုးအပါအဝင် သုံးဂိုး-တစ်ဂိုးဖြင့် ချယ်လ်ဆီးအသင်းက အနိုင်ရရှိသည်။

တတိယတန်းမှ ကလပ်အသင်းတစ်သင်းဖြစ်သော ကိုလ်ချက်စတာအသင်းသည် တစ်ဂိုးအသာဖြင့် ဦးဆောင်ကစားနေခဲ့ပြီး ထိပ်တန်းအသင်းတစ်သင်းဖြစ်သည့်ချယ်လ်ဆီးအသင်းနှင့် သရေရလဒ်ထွက်ပေါ်ရန် ကြိုးပမ်းခဲ့သည်။

ပွဲချိန် ၂၈ မိနစ်တွင် ရီကာဒိုကာဗယ်လ်ဟိုက ကိုယ့်ဂိုးကိုယ်သွင်းမိရာမှ ကိုလ်ချက်စတာအသင်း တစ်ဂိုးရရှိခဲ့သည်။

ချေပဂိုးသွင်းယူ

သို့ရာတွင် နောက်ထပ်ကိုးမိနစ်အကြာတွင် ပေါ်လိုဖာရီနာက ချေပဂိုးသွင်းယူနိုင်ခဲ့ရာ ချယ်လ်ဆီးအသင်းမှာ ပြန်လည်ဦးမော့လာနိုင်သည်။

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ပဥ္စမအဆင့်တွင် ပရက်စတန်အသင်းဘက်သို့ ဂိုးသွင်းနိုင်ခဲ့ပြီးနောက် မစ်ဒယ်ဘရော့အသင်းသားများ အောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချန်ပီယံ ချယ်လ်ဆီးအသင်းသည် စိတ်လှုပ်ရှားနေသည့် လက္ခဏာများပြသနေပြီး အနိုင်ဂိုးများသွင်းယူရန် ကြိုးပမ်းနေခဲ့သည်။ လူစားဝင်ရောက်လာသူ ဂျိုးကိုးလ်သည် ပွဲချိန်၇၉ မိနစ်တွင် ချယ်လ်ဆီးအသင်းအတွက် ဒုတိယ မြောက်ဂိုးကို သွင်းယူပေးခဲ့သည်။ ယင်းနောက်တွင် အနာတရဖြစ်မှု လေလွင့်ချိန်အတွက် အစားဖြည့်ပေးသည့် အချိန်ပိုတွင် အင်္ဂလန်ကွင်လယ်ကစားသမား ကိုးလ်ကပင် နောက်ထပ်တစ်ဂိုးကန်သွင်းခဲ့သည်။

အနိုင်ရရှိ

တနင်္ဂနွေနေ့ကကျင်းပသည့်ပွဲတွင် မစ်ဒယ်ဘရော့အသင်းက ပရက်စတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဘာမင်ဂမ်စီးတီးအသင်းက စတုတ်ခ်စီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ယာကူဘူ အီယက်ဘန်နီသည် ဒုတိယပိုင်းတွင် မစ်ဒယ်ဘရော့အသင်းအတွက် ၎င်းတစ်ဦးတည်းက နှစ်ဂိုးဆက်တိုက်သွင်းယူခဲ့သည်။ ယခုပွဲတွင် ပထမတန်း ကလပ်အသင်းဖြစ်သော ပရက်စတန်အသင်းမှာ ၂၅ပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်ကို ချေဖျက်ခံလိုက်ရသည်။

ကွာတားအဆင့်သို့တက်လှမ်း

ဘာမင်ဂမ်အသင်းသည်ပထမတန်းကလပ်အသင်းဖြစ်သည့် စတုတ်ခ်စီးတီးအသင်းကို ပွဲချိန် ၄၇မိနစ်တွင် မိုက်ကယ်ဖော်ဆဲလ်၏ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၂၂နှစ်အတွင်း ပထမဆုံးအကြိမ်ကွာတားအဆင့်သို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

မြန်မာလိဂ်အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲ စီးပွား/ကူးသန်းနှင့်ပြည်ထဲရေး အနိုင်ရ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း အမှတ်ပေး ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃ နာရီခွဲက အောင်ဆန်းကွင်းနှင့် သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းနှင့်ပြည်ထဲရေးအသင်းတို့ အနိုင်ရရှိသွားကြသည်။

(အောင်ဆန်းကွင်း)

စီးပွားကူးသန်းအသင်း - သုံးဂိုး။
(မာလ-နှစ်ဂိုး၊ အောင်ရဲထွဋ်- တစ်ဂိုး)
စွမ်းအင်အသင်း - ဂိုးမရှိ။
ဒိုင်လူကြီး - ဦးဝင်းဦး။

အမှတ်ပေးဇယား ထိပ်ဆုံးတွင် ဦးဆောင်နေသော လက်ရှိချန်ပီယံဘဏ္ဍာ/အခွန်အသင်းကို အမီလိုက်ရန်အတွက် စီးပွား/ကူးသန်းအသင်းသည် အနိုင်ရရှိရေး ကစားအားကို မြှင့်တင်ကစားသွားရာ စွမ်းအင်အသင်း စိတ်လှုပ်ရှားကာ အရှုံးပေါ်သွားရခြင်းဖြစ်သည်။

စီးပွားကူးသန်းအသင်းတွင် ဘိုဘိုအောင်မှလွဲ၍ မင်းသူ၊ ဇော်လင်းထွန်း၊ မျိုးမင်းထွန်း၊ မာလတို့ဖြင့် လူစုံပါဝင်သလို စွမ်းအင်အသင်းတွင်လည်း ကျော်ခိုင်ဝင်းမှလွဲ၍ ဇော်ထက်အောင်၊ နိုင်ဝင်း၊ ကျော်မင်းလှိုင်(ဂိုး)၊ ကျော်မျိုးဟန်တို့ဖြင့် လူစုံပါဝင်လာကြရာ ခြေညီသောအသင်းကြီး နှစ်သင်းတွေ့ဆုံသောပွဲဖြစ်သည်နှင့်အညီ ပွဲမှာ အပြန်အလှန်ရှိခဲ့သော်လည်း စီးပွား/ကူးသန်းက ဂိုးသွင်းသေချာ၍ ယခုကဲ့သို့ ဂိုးပြတ်အနိုင်ရသွားခြင်းဖြစ်သည်။

စီးပွား/ကူးသန်းမှ မျိုးမင်းထွန်း စွမ်းအင်နောက်ခံလူ နိုင်လင်းထွန်းကို ဖြတ်ကျော်ရန် ကြိုးစားစဉ်။ (ကြေးမုံ)

ပြည်တွင်းပြည်ပ အားကစားသတင်းများ

ရပ်တည်နေ

ယနေ့ပွဲအပြီးတွင် စီးပွား/ကူးသန်းက ၁၁ပွဲကစား၊ ကိုးပွဲနိုင်၊ နှစ်ပွဲသရေ၊ ရှုံးပွဲမရှိ၊ သွင်းဂိုး၃၆ဂိုး၊ ပေးဂိုးရှစ်ဂိုး၊ ၂၉မှတ်ဖြင့် ဒုတိယနေရာတွင် လည်းကောင်း၊ စွမ်းအင်အသင်းက ၁၁ပွဲကစား၊ ခြောက်ပွဲနိုင်၊ သုံးပွဲသရေ၊ နှစ်ပွဲရှုံး၊ သွင်းဂိုး၁၄ဂိုး၊ ပေးဂိုး၁၀ဂိုး၊ ၂၁မှတ်ဖြင့် စတုတ္ထနေရာတွင်လည်းကောင်း ရပ်တည်နေကြသည်။

(သုဝဏ္ဏကွင်း)

ပြည်ထဲရေး - သုံးဂိုး
စွန်ရဲ - နှစ်ဂိုး

တက်လာ

ပြည်ထဲရေးအသင်းမှာ ယနေ့ပွဲအနိုင်ရရှိလိုက်၍ ဒသမနေရာမှ သတ္တမနေရာအထိတက်လာပြီး ရှုံးနိမ့်ခဲ့သော စွန်ရဲအသင်းမှာ သတ္တမနေရာမှ အဋ္ဌမနေရာသို့ ကျသွားသည်။

၁၁ပွဲစီကစားအပြီးတွင် ပြည်ထဲရေးအသင်းက လေးပွဲနိုင်၊ သုံးပွဲသရေ၊ လေးပွဲရှုံး၊ ၁၆ဂိုးသွင်း၊ ၂၁ဂိုးပေး ၁၅မှတ်ဖြင့် သတ္တမနေရာသို့လည်းကောင်း၊ စွန်ရဲအသင်းက သုံးပွဲနိုင်၊ လေးပွဲသရေ၊ လေးပွဲရှုံး၊ ၁၁ဂိုးသွင်း၊ ၁၃ဂိုးပေး ၁၃မှတ်ဖြင့် အဋ္ဌမနေရာသို့လည်းကောင်း ရောက်ရှိနေသည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ

(အောင်ဆန်းကွင်း)

ကမ္ဘောဇနှင့် ရထားပို့ဆောင်ရေး

(သုဝဏ္ဏကွင်း)

လယ်ဆည်နှင့် တပ်မတော်ကြည်း(က)

(ကြေးမုံ)

မဟာပဋ္ဌာန်းရွတ်ဖတ်ပွဲ အလှူငွေပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ ရွှေဟောင်းသမိုင်းဝင် ဧရာဝတီမြစ်ကမ်းနဖူးရှိ ဉာဏ်တော်မြင့် စိန္တာမုနိစေတီကြီး စေတီတော်တွင် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့က ကြီးမှူး၍ ပထမအကြိမ် မဟာပဋ္ဌာန်းရွတ်ဖတ်ပွဲ၊ ပင့်သံဃာ ၂၇ပါးအား အရဏ်ဆွမ်း၊ နေ့ဆွမ်းကပ်လှူရန်နှင့် ပဋ္ဌာန်းကန်တော့ပွဲများ၊ ပဋ္ဌာန်းသောက်ရေအိုးများအတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်က ဆီမီး၉၉၀၀ အဖွဲ့ရုံးခန်းမ၌ကျင်းပရာ အလှူရှင်များ လှူဒါန်းငွေ ကျပ် ၃၆၅၄၀၀ ကို အဖွဲ့နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)၊ အတွင်းရေးမှူး ဦးခင်မောင်ညွှန့်ထံ အဖွဲ့ဥက္ကဋ္ဌ ဦးဘိုကြည်၊ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးတို့က ပေးအပ်လှူဒါန်းကြသည်။ **(အောက်ပုံ)**

(၆၁)

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ဂွမ်ကျိုးသိပ္ပံမြို့တော် Lianzhong Stainless Steel Corporation ၏ သံမဏိစက်ရုံ၌ ကြည့်ရှုစဉ်။
(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့အား ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူးက ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်သည် ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၆ နာရီခွဲတွင် ဂွမ်ကျိုးမြို့ China Hotel ဒုတိယထပ်ရှိ Crystal Ballroom ၌ တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးသိန်းလွင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးချုပ်ကျော်ကျော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမော်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်တင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်ဝေနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာကွမ်မု၊ ဂွမ်ဒုန်းပြည်နယ်အစိုးရ အတွင်းရေးမှူးချုပ် မစ္စတာရှုရှမ်းဂူ၊ ဂွမ်ကျိုးမြို့ ဒုတိယမြို့တော်ဝန် မစ္စတာချန်မင်းဒါနှင့် ပြည်နယ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပြောကြား

တွေ့ဆုံပွဲတွင် ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး မစ္စတာတန်ဘင်းချွမ်က ဆွေးနွေးပြောကြားရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ဂွမ်ဒုန်းပြည်နယ် ဂွမ်ကျိုးမြို့သို့ လာရောက်လည်ပတ်ခြင်းအတွက် လှိုက်လှဲစွာကြိုဆိုပါကြောင်း၊ ချစ်ကြည်ရေးခရီးစဉ် အောင်မြင်ခြင်းအတွက်လည်း ဂုဏ်ပြုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် ရှိရင်းစွဲ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မြဲစေလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ *

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂွမ်ဒုန်းပြည်နယ် ဒုတိယပြည်နယ် အုပ်ချုပ်ရေးမှူး မစ္စတာ တန်ဘင်းချွမ် ဂွမ်ကျိုးမြို့ China Hotel ဒုတိယထပ်ရှိ Crystal Ballroom ၌ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)